နောင်၊ ဒလ၊ ပန်းတနော်မြို့ရွာသူကြီး တို့ကလက်ခံ၍အသိမ်း အရုံး ကိုမခံရှိ
နေကြောင်း နှင့်ရွှေနား တော်ကြား တော်မူသည်၊ မြို့ရွာသူကြီး တို့ကမဆီး မ
တား လက်မခံ စေနှင့်၊ ပေး ချသနား တော်မူမည့် မြေမှာသိမ်း ရုံး၍တစုတည်း
နေထိုင်ထမ်း ရွက်စေ၊ မြေခက်ဘက်တိုက်နှင့် ရွှေကာ ကျေး ရွာ များ တွင်ငို နေသည့်
လူစုတို့ကိုမြင်း ရွေး ဆောက်နှင့်ရည်တူအမှုထမ်း စုဖွဲ့တော်မူ၍ မြေခက်ဘက်တိုက်ဝန်
မင်း ကြီး မဟာသက် တော်ရှည်နှင့်ထမ်း ရွက်စေရမည်၊ တိုင်ကိုနှုတ်သိမ်း ၍ ရွှေ
လေး၊ ရွှေလှံ၊ ဒိုင်း၊ လမိုင်း၊ ဝင်း၊ ကိုယ်ရံလူစုတို့ပြင်ကျန်သည့်အစုလူတို့ကိုမည်
သည့်အစုအမှုထမ်း မဆိုဗဒ္ဒိမြို့သား နည်း ထမ်း ရွက်စေ၊ ကြေး ဟောင်း ငွေ ဟေါင်း
တိုင်သူရင်း အခြား မင်း မှုမင်း ခင်း များ ကိုမခန့်မတောင်း စေနှင့်လက်
(ခံ) စေ၊...မင်း သား မှာ အိန္ဒပုံချိုကိုအကြီး၊ လိုင်မင်း သား မှာသီရိ(နန္ဒ)
ကိုအကြီး ခန့်၊ ...နှမတော် နေသည့်အိမ်၊စည့်ကူး စား အမ(တော်
နေသည့်အိမ်၊ စွန်ရဲမိုင်း)ပန်သား တို့မှာစပါး တော်ကိုသွင်း မိသည်ကိုသာသွင်း
စေ၊ မသွင်း ကျန်သည်ကိုလွှတ်ငြိမ်း စေ၊ ရွှေတိုက်ဝန်စာရင်း ကျန်စွန်ရဲမိုင်း ပန်
သား တို့ကိုလည်း လမိုင်း ဝန်ထက(ဝတည်း စာရင်း ချုပ်အင်း) ချုပ်နှင့်သွင်း စေ။

28 March 1788

(သက္ကရာဇ်)၁၁၄၉ခု(နှောင်း)တန်ခူး လပြည့်ကျော်ရရက် နေ့နား
ခံ ပြောကြီး မှူး တွင်ပြန်။
(မေမြို့ဘုန်း ကြွယ်ပေမူ)

သံတွဲမြို့ဝန်နန္ဒရာဇာသင်္ကြံကိုကွမ်း ခွက်အဝန်း ၊ ငွေထွေး အင်၊ ကျိုင်း ဆင်စွယ် ချက်ငုံခံ၊ ထားကံတော့ ခွေး မ   ခွေး ငယ် နောက်ပိတ်ပတ္တမြား စီအိမ် ခတ္တိပါစိမ်း မှမ်း သံပတ်၅ဘန်ပတ္တမြား စီ၊ သတ္တလဝ်တင်ရန်း စက်ရှန်း ၃ဆင့် သနား တော်မူသည်၊ စစ်ကဲနန္ဒမိတ် ကျော်စွာ၊ လက်ဝဲသူတို့တို့ ရွှေကျဝ်လဘက်အိုး သနား တော်မူသည်။

28 March 1788

(သက္ကရာဇ်) ၁၁၄၉ ခု (နှောင်း)တန်ခူး လပြည့်ကျော် ရရက် နေ့ညနား ခံ ပြေ့ကြီး မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

31 March 1788

31 March 1788

သက္ကရာဇ် ၁၁၄၉ ခု (နှောင်း) တန်ခူး လပြည့်ကျော် ၁၀ ရက် နေ့နံနက် ကျောင်း တော်ကြီး သို့ထွက် တော်မူမည်၊ ဝင်း ခင်း နောက် တော်လိုက်အ စောင့် အနေ စီရင်ရန် ရှိသမျှကို ခန့်ထား မြဲ ခန့်ထား၍ အသင့်ရှိစေ။

31 March 1788

(သက္ကရာဇ်) ၁၁၄၉ ခု (နှောင်း) တန်ခူး လပြည့်ကျော် ၁၀ ရက် နေ့ နားခံ ကျော်စွာ နော်ရထာ တွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

မြင်း ဝန်မင်း ကြီး မဟာမင်း ခေါင်ကိုရန်ကုန်မြို့သို့အစောင့်အနေခန့်ထား သွား စေ။ မုတ္တမမြို့၊ ဒဝယ်မြို့အရေး အကြောင်း များ ကိုကြား သိရလျှင်အရေး အကြောင်း ငှိုလျှင်ရှိလျှောက် အောက်မြစ်စည်တ လျှောက်မြို့ ကျေး ရွာများ ကိုသိမ်း ရုံး၍ထမ်း ရွက် စေ၊ တောင်ငူမြို့မှာ တောင်ဘက်တိုက်ဝန် မင်း လှစည်သူကိုအစောင့်အနေခန့်ထား သွား စေ၊ တောင်ငူမြို့သို့ ရောက်လျှင်ဒဝယ်၊ မုတ္တမ၊ ယွန်စလင်း အရေး အကြောင်း ကို ယောက်၍ တောင်ငူ၊ ရမည်း သင်း ၊ ယင်း တော်၊ မိတ္ထိလာ၊ ညောင်ရမ်း ၊ တောင်တွင်း ၊ လှိုင်း တက်၊ သာဂရမှစ၍ နီး စပ် တော်သင့်သည့် မြို့ရွာများ ကိုသိမ်း ရုံး ခန့်ထား ထမ်း ရွက် စေ၊ ဝန် ထောက် နေမျိုး စည်သူကို မိုး နဲ၊ မိုင်း ပန်မြို့တွင်တပ်အနိုင်အလုံတည်ရပ်ပြီး လျှင်သံလွင်ထား ဆိပ်လမ်း ပေါက် လမ်း ဝများ မှာကင်း တိုကင်း ရှည် စောင့် နေထိုး သွား စေ၍ မိုး နဲမိုင်း ပန် မြို့ ကျေး ရွာများ တွင် မြေလတ်တပြင်မြို့ရွာ စော်ဘွား မြို့စား တို့မှာအင်တန် အောင် ခန့်ထား နှိုး ဆော်စီရင်၍လယ်ယာလုပ် ဆောင် စောင့် နေထမ်း ရွက် စေ။

1 April 1788

(သက္ကရာဇ်) ၁၁၄၉ခု(နှောင်း)တန်ခူး လပြည့်ကျော် ၁ ရက် နေ့ညနား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

သေနတ်မီး လုပ်အိမ်လုပ် နောက်ပိတ် တောကာလုပ် သေနတ်တန်ဆာကိုလုပ်ဆောင်နိုင်သမျှလူတို့ကို မည်သည့်အစုအမှုထမ်း မဆို ခေါ်သိမ်း၍အတွင်း တော်မှာလုပ်စေ၊ မြင်းစုကြီး ဝန်၊ တောင်ဘက်တိုက်ဝန်၊ ဝန်ထောက်တို့သွား ရာ သေနတ်နှင့်ဆေးယမ်း မီး ကျောက် တော်သင့်အောင် ပေး အပ်၍သွား စေ၊ ယမ်း ချက်လုပ်သည့်မြို့ရွာများ မှာခန့်ထား နှိုး ဆော်၍သွင်း စေ၊ အဘိုး ဈေး နှုန်း ရှိရာ ပေးမည်၊ လဿုရက္ခသူကိုမြင်း စုကြီး ဝန်နှင့်လိုက်ထမ်း စေ။

2 April 1788

(သက္ကရာဇ်) ၁၁၄၉ ခု (နှောင်း) တန်ခူး လပြည့်ကျော် ၁၂ ရက်နေ့

နားခံ ကျော်စွာ နော်ရထာကို ခေါ်၍ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမှု)

ဇင်းမယ်ကြောင်း ရှိမတာ ဇေယျသူရတပ်ကျိုင်း သည်မြို့တွင်တည်ရပ်ခံနေကြောင်း မိုင်းပန်ကျိုင်းတောင် -------------------------

----

ကိုမိုး နဲ မိုင်းပန်မြေ -------------------------

မှာထား၍မြင်း လူအလျင်စေ၊ ရွှေမြို့တော်အတွင်း ပြင်လှည်း ငယ်နွား ငယ်စီး နင်း သည်ပုဆိုး အဝတ်ကိုပတတီဝတ်မြဲမဝတ်၊ ထွေးလုံး ပင့်ဝတ်သည်၊ မညီမညွတ်

ညညည့်အချိန်မတော်နိမိတ်ပြဿနာမဂ္ဂသည့်တေးချင်း စကားများကိုဆို၍လှည့်ပတ် သွားလာသည်၊ သတ္တလတ်ဘိနပ်စီး သည်များကိုမြို့ဝန်ထောင်မှူးတို့ကမစစ်မကြော နေသင့်သည်မဟုတ်၊ နိုင်နင်းအောင်စစ်ကြောစေ၊

3 April 1788

(သက္ကရာဇ်)၁၁၄၉ခု(နှောင်း)တန်ခူးလပြည့်ကျော်၁၃ရက်နေ့နား ခံကျော်စွာနော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမှု)

6 April 1788

မုတ္တမ၊ ဒဝယ်မြို့များ မှာရာဇဝတ်တော်ရေး လုံခြုံအောင်ပြင်ဆင်ယမ်း ပြီး ချိန် ၅၀၀၀၊ ဘော်ပြီး ဆေး ချိန် ၅၀၀၀ နှင့်ယမ်း မီး ကျောက်လုံ လောက် အောင် မြင်း ဝန်ရှိရာအလျင် ရောက်အောင်ပို့စေ၊ မြင်း ဝန်က မုတ္တမမြို့မင်း ကြီး ကျော် ထင်ရှိရာအလျင်အမြန် ရောက်အောင်ပို့စေ။

6 April 1788

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၂ ရက်နေ့နာ၁း ၆ ကျော်စွာ နေဝင်ရ ထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ဒဝယ်မြို့မှာလက်နက်ကိုင် ၂၀၀၀၊ မုတ္တမမြို့မှာလက်နက်ကိုင် ၅၀၀၀ထား၍ကျန် အမည်ရအမှုထမ်း လက်နက်ကိုင်လူတို့ကို ရွှေဘဝါး တော်အောက်ပြန်စေ၊ အထက်အမိန့်တော်ပါသည်မှာ ဒဝယ်၊ မုတ္တမအရေးအကြောင်းကို ထောက်၍ပြန်သာတော့သည်မဟုတ်မြို၊ အထက်ခန့်ထား ရင်း အတိုင်း ဒဝယ်၊ မြိတ်လက်နက်ကိုင်လူတို့နှင့်မဟာသီရိသီဟသူ ဒဝယ်၊ မြိတ်မြို့များ မှာနိုင်လုံအောင် စောင့်နေထမ်း ရွက်မြဲ စောင့်နေထမ်း ရွက်စေ၊ မုတ္တမမြို့များ မှာလည်း အထက်လက်နက်ကိုင်လူများ နှင့်မင်းကြီး ကျော်ထင်၊ မုတ္တမအရေးအကြောင်း နိုင်လုံမြဲမြန် အောင် စောင့်နေထမ်း ရွက်မြဲအတိုင်း စောင့်နေထမ်း ရွက်စေရမည့်အကြောင်း နှင့်မှာထား၍ ဒဝယ်၊ မုတ္တမကလာသလူတို့ကိုအလျင်အမြန်ပြန်သွားစေ။

7. April 1788

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၃ ရက်နေ့နား ခံ ကျော်စွာ နော်ရထာကို ခေါ်၍ပြန်။

(မေမြို့တုန်း ကြွယ် ၄ပမူ)

8 April 1788

သကြွန်ပြောင်း အမြောက်သံမပေး မီ၊ အမြောက်သံပေးပြီး နောက်ရွှေနန်း
တော်ပတ်လည်မြို့တွင်း မြို့ပြင်ရပ်စုကွက်စုများ တွင်သေနတ်မီး အိုး မီး ပုံမပစ်
မဖောက်မလွှတ်စေနှင့်၊ ရေသွန်း နှစ်ဦး လည်း ဖြစ်သည်ကဆုန်လဆန်း ၅ရက် 9 April 1788
နေ့ကစ၍အခါ ၄ရက်တွင်း ပြည်သူပြည်သား တို့ ရေသွန်း ဖြန်း ပက်သည်မှာထုံး နှင်း
အိုး ခဲ မသန့်မစင်သည့် ရေနှင့်မဖြန်း မပက်စေနှင့်၊ မြစ်ဆိပ်ကမ်း နား များ
မှာလည်း နစ်မွန်း အောင်မဖြန်း မပက်စေနှင့်၊ ခိုက်ရန်မပွါး မဖြစ်စေ၍
(-----) စစ်ကြောစေ၊ အမြောက်သံပေး မှလွှတ်တော် ရှေ့တွင်တော်သင့်
သည့် (----) သာအခါတော် ရောက်လျှင်ပေး မြဲ (--------------

-----------------------------------)
ရေကြည်အမမှာဆင့်ကြမ်း (-----------------------

-----------------------------------)

သက္ကရာဇ်၁၁၄၉ခုကဆုန်လဆန်း ၄ရက် နေ့နား ခံ----------) 8 April 1788
(မေမြို့ဘုန်း ကြွယ်ပေမူ)

နှစ်သစ်သင်္ကြန် ပြောင်းသင်္ကြန်တော်မှာ ရှေးရှေးမင်းတို့လက်ထက် ရွှေနန်းတော်အတွင်း သင်္ကြန်တဲ ဆောက်၍သင်္ကြန် ခေါ်တော်မူမြဲမဟုတ်၊ ခမည်းတော်ကသည် ရွှေလက်ထက်တော်တိုင်နန်းတော်အတွင်း သင်္ကြန်တဲ ဆောက်၍ နှစ်သစ်သင်္ကြန်ကိုစီရင်သည်သာဖြစ်ကြောင်း နှင့်ပညာရှိတို့က လျှောက်သည်၊ (သက္ကရာဇ်) ၁၁၄၉
11 April 1788
ခုကဆုန်လဆန်း ၇ရက် နေ့သင်္ကြန် ခေါ်ရန်နန်းတော်အတွင်း ဆောက်သည့်သင်္ကြန်တဲကိုသိမ်းစေ၊ ရေတော်ကိုလည်း မခပ်စေနှင့်၊ (သက္ကရာဇ်) ၁၁၄၉ ခုကဆုန်
10 April 1788
လဆန်း ၆ရက် နေ့နံနက် ရွှေနန်းတော်ကိုလှည့်၍ ရေသွန်း သဘင်ခံတော်မူသည်၊ စီရင်ရန်ရှိသမျှကို စေ့ငုအောင်စီရင်။

9 April 1788
(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၅ရက် နေ့ညနေ ၁း ခ ကျော်ဗွာ နေ်ရထာကို ခေါ်၍ပြန်။

(ဇမ္ဗူဘုန်းကြွယ် ပေမူ)

11 April 1788

အနောက်အတွင်း မီး နေအိမ်မှသက်ကယ်အသစ်မိုး စေ၊ အကာကဲလား တရုံများ ကိုလည်း အသစ်လုပ်စေ။

11 April 1788

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၇ ရက် နေ့နား ခံကျော်စွာ နော် ရထာကို ခေါ်၍ပြန်။

(မေမြို့ ဘုန်းကြွယ် ပေမူ)

12 April 1788

သတိုးသီရိမဟာဥဇနာကိုလွှတ်တော်ကိုတက်မြဲတက်၍ ကျောင်းတော်ကိုပြီး ပြေလွယ်အောင်ကြပ်မလုပ်ဆောင်စေ။

12 April 1788

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၇ ရက်နေ့စာရေးကြီး နေမျိုးရာဇာကျော်ထင်တွင်ပြန်။

(မေမြို့ ဘုန်းကြွယ် ပေမူ)

ဘုန်း တော်ကြီး မြတ်တော်မူလှ သော ဆင်ဖြူသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ကိုင်း ရွာ သေနတ်သွေး သောက်ကြီး ငလူညီကိုထား ခါးပတ်တွင် ငွေကွတ်ဝတ်လုံသက္ကလပ်ဘဲကွက်၊ မောက်တိုအုံး နီ၊ ယပ်နီ၊ မောက်ရှူ၊ ပါး ကာ နား ကာ၊ ပါလည်ဆွေး ဘဲ၊ သင်ချော ဘဲကွက်၊ မျဉ်း တိုဘဲ၊ သင်ချော ဘဲကွက်၊ မြင်း ကကိုင်း တပွင့်၊ ငွေဇာဝါမြင်းကြိုး သက္ကလပ်အစိမ်း အနီတန့် ဘဲကွက်၊ စီး နှီး သက္ကလပ် အစိမ်း အနီတန့် ဘဲကွက်၊ က တောင်အနီသုတ်သနား တော်မူသည်၊ စီး နင်း ဆောင်ရွက်ဝတ်ဆင်စေ။

(သက္ကရာဇ် ၁၁၅၀ ပြည့်ကဆုန်လပြည့်ကျော် ၁ ရက်နေ့) (20 April 1788)

(မြင်း ခြံကိုင်း မြောက်ရွာ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူသခင်ဘဝရှင်မင်း တရား ကြီးဘုရား အမိန့်တော်ရှိသည် ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ထီး နန်း ကနက်စိုက် ဆောက်တည် ထောင်အုပ်စိုး တော်မူသည်သာသနာပြုကေရာဇ်မင်း မြတ် အဆက်ဆက်အမှုထမ်း အရာထမ်း ဆင်သည်မြင်း သည် ခြေသည်သူရဲတို့ကိုသား တော်အစဉ် မြေး တော်အဆက်အနွယ်နှံ့ ရှည်စွာသာသနာ တော် ရေး နှင့်တကွ မထွေး မရှုပ်ဥဒါန်း မော်ကွန်း အစဉ်ထွန်း အောင် သွေး သောက်စု၊ မြင်း စု၊ ဒိုင်း ၊ လမိုင်း ၊ ဝင်း ၊ ကိုယ်ရံ၊ ကောင်း တန်၊ သေနတ်စု၊ ယွန်း စု၊ ရွှေဝန်း ကျင် သေနတ်၊ နောက်ဝန်း ကျင် သေနတ်၊ မြေနန်း သေနတ်မှစ၍အသီး အသီး အစုအအုပ်ဖွဲ့ တော်မူသည်၊ ခမည်း တော်ဘုရား လက်ထက် တော်လည်း ရွှေ လေး ဖွဲ့လက်ဝဲ ကြောင်း လက်ယာ ကြောင်း ရွှေ ကြောင်း နတ်စုဘွဲ့ တော်မူသည်၊ နောင် တော်ဆင်ဖြူရှင်လက်ထက်လည်း သွေး သောက် စု၊ မြင်း စု၊ သေနတ်စု၊ ဘွဲ့ဘက်ရင်း ကိုမပျက် စေရ၊ ဘွဲ့ဘက်ထင်ရှား ရှိစေသည်၊ ငါ့လက်ထက် တော်တွင်လည်း ၄၀၊ ၅၀၊ စား တော်ကွမ်း ရေကိုင်၊ သေနတ်စု၊ မြင်း စုတို့ ပွါး ဘွဲ့ တော်မူ၍ ရှိပြီး အထွတ်အထိပ်စိုး အုပ် တော်မူသည်မှစ၍သာသနာ တော် စီး ပွါး ကိုယ် တော်စီး ပွါး သား တော်အစဉ် မြေး တော်အဆက်စီး ပွါး ပြည်သူလူအ ပေါင်း တို့စီး ပွါး များ မည်အ ကြောင်း ကို နေ့ညည့်မပြတ်အား ထုတ် တော်မူသည်၊ ထီး နန်း ကနက်စိုက် ဆောက်တည် ထောင်စိုး အုပ် တော်မူသည်၊ ကေရာဇ်မင်း မြတ် တို့လက်ထက်စု ဖွဲ့ငန်း ဖွဲ့ဆိုသည့်အရာသည်တိုင်း နိုင်ငံအ ခြေအမြတ်ဖြစ်၍အစဉ်ရှည်စွာ ထင်ရှား တည်ထွန်း မည်ဖြစ်သည်၊ တိုင်း ရေး ပြည် မှုငြိမ်ဝပ်မှသာသနာ တော်စည် ပင်ပွင့်လင်း မည်ဖြစ်သည်၊ တိုင်း မှုပြည် မှုရှိလျှင်အလွယ်တကူတစုတရုံး တည်း ကောက် ကာငင်ကာရ၍တိုင်း ရေး ပြည် မှုငြိမ်ဝပ် အောင်သစ္စာ တော် ပေး မြဲ ပေး ၍ မြောက် ဘက်တိုက်၊ ဆင် ခြေတိုက်၊ တွင်း သင်း တိုက်၊ မဟာ ဒါန်တိုက်၊ ငါး စို့တိုက်၊ မြောက်တက် မြင်း ၊ ဂတနာသိယ်မြို့၊ ငရနဲမြို့၊ ခေါသန္တီမြို့၊ စည်ပုတ္တရာမြို့၊ သပွတ် တော ခြောက်ရွာ၊ ရွှေကါဠ်စု ကျေးရွာနေအသည်တိုင်ထမ်းလူတို့ကိုနတ်ရှင်မြင်းရဲ ဘော်မြင်း ၊ နန်း ဦးမြင်း ၊ နန်း တွင်း မြင်း ၊ ရွှေပြည်ကြီး မြင်း ၊ ရွှေပြည် တော်မြင်း များ နှင့်ရည်တူသစ္စာ တော် ပေး မြဲ ပေး ၍ သေနတ် သွေး သောက်စုဘွဲ့၊ ဘွဲ့ရာ ပါဝင်သည့်လူတို့ကိုစု ရေးစုကိုင် မြို့ရွာသူကြီး တို့ကမင်း မှုမင်း ခင်း မခန့်မထား စေနှင့်၊ ကြွေး ဟောင်း မြီ ဟောင်း

မတောင်း မထုတ်စေနှင့်၊ သား မြေး တို့အရွယ် ရောက်လျှင် သေနတ်စု မှာထမ်း ရွက်စေ၊ သွေး သောက်ကြီး တို့မှာ ဓါး ငါး ပတ်ခံတွင် ငွေကွပ်၊ ဝတ်လုံသက္ကလပ်ဘဲကွပ်၊ မောက်တိုအုံနီ၊ ယပ်နီ၊ မောက်ရှု ပါး ကာနား ကာ၊ ပါလည် ကွေး ဘဲ၊ သင်ချော ဘဲကွပ်၊ မှုဦး တိုဘဲ၊ သင်ချောဘဲကွပ်၊ မှုဦး ရှည်၊ သင်ချောကတ္တီပါဘဲကွပ်၊ မြင်း က သံကိုင်း သုံး ပွင့်၊ ငွေဇာ ဝါမြင်း ကြိုး သက္ကလပ်အစိမ်း အနီတန့်ဘဲကွပ်၊ စီး နှီး သက္ကလပ် အစိမ်း အနီတန့်ဘဲကွပ်၊ ကာ ဘောင်အနီသုတ်၊ အကြပ်တို့မှာ ဓါး ရိုး ရှည်ရင်း ဖွား ငွေကွပ်၊ မောက်တိုအုံနက်၊ ယပ်နီ၊ မောက်ရှုပါး ကာနား ကာ၊ ပါလည် ကွေး ဘဲ၊ သင်ချောဘဲကွပ်၊ မှုဦး တိုဖဲ၊ သင်ချောဘဲကွပ်၊ မှုဦး ရှည်သင်ချောကတ္တီပါပြောဘဲ ကွပ်၊ သေနတ်စွဲကိုင်သူ ဝယ်သား တို့မှာ မောက်တိုအုံနီ၊ ယပ်နီ၊ မောက်ရှုပါး ကာ နား ကာ၊ ပါလည် ကွေး ဘဲ၊ သင်ချောဘဲကွပ်၊ မှုဦး တိုဘဲ၊ သင်ချောဘဲကွပ်၊ မှုဦး ရှည်သင်ချောကတ္တီပါပြောဘဲကွပ်၊ သေနတ်နီပါး ထည်အိတ်သွပ်စီး နင်း ဆောင်ရွက် ဝတ်ဆင်စေ။

20 April 1788

သက္ကရာဇ် ၁၁၅၀ ပြည့်ကဆုန်လပြည့်ကျော် ၁ ရက် နေ့နံနက် ခ ကျော်ဖွာ နေဘ် ရထာတွင်ပြန်။

(အုပ်ချုပ်ပုံ၊ တ၊ ၁၉၇၀၊ ပိုဒ်၃၃၀၊ စါ၄၆-၈)

20 April 1788

ကိုင်း ရွာအသည်အလာ ကြေး ထမ်း ကြီး ငယ်တစုတို့၊ မင်း မှုတော်ရပ်ရှိလျှင် (ကိုင်း ရွာသူကြီး ငရော) ဆင့်ဆိုရာနာခံကြရမည်၊ ကိုင်း ရွာသူကြီး ငရော လည်း ကျေး ရွာစည်ပင်ဖြစ်ပွါး သာယာငြိမ်ဝပ် အောင်သိမ်း သွင်း ပြုစု (စီရင်ဆောင်ရွက်ရ) မည်၊ မင်း မှုတော်ရပ်များ ကိုတလုပ်မြို့ဝန်မြို့သူကြီး မြို့စာရေး သွေး သောက်ကြီး တို့ဆင့်ဆိုရာနာခံပြီး လျှင် ကျေး ရွာ နေအသည်အလာအမှုထမ်း လူတို့မှာသာနာညီမျှခွဲခန့်၍ ပြေကုန် အောင် ဆောင်ရွက်ရမည်။

20 April 1788

(သက္ကရာဇ် ၁၁၅၀ပြည့်ကဆုန်လပြည့် ကျော်၁ရက်)

(မြင်း ခြံကိုင်း မြောက်ရွာ)

ရခိုင်ပြည်က ရောက်သည့် ပုဏ္ဏားတို့ကို ရှစ်ပါး ပုဏ္ဏား ဒုရ်ဂါရာမိတို့နှင့် တစုတ
အုပ်တည်း နေထိုင်စေ၊ နေရာမနေ လောက်လျှင် ပတ်လည်ကာရံသည့် စီး ခြံများ
ကိုသိမ်းစေ၊ ရခိုင်က ရောက်သည့် မင်းဆွေစိုးမျိုး ပုဏ္ဏားတို့ကို ကျောင်းတော်
ကြီး နန်းတော် တောင်သင့်ရာအရပ်တွင် ချထား နေထိုင်စေ၊ နောက်ရောက်
မင်းဆွေစိုးမျိုး ပုဏ္ဏားတို့ကိုလည်း တနှစ်တွက် ရိက္ခာကိုကို တော်တပေးစေ၊ ရခိုင်
မှာကျန်ရှိသည့် မင်းဆွေစိုးမျိုး မှူးမတ်ဆွေမျိုး များကို မကြွင်း မကျန်စေနှင့်
ကုန်စင်အောင် ရခိုင်မြို့ဝန်တစစ်ကြော၍ ရွှေဘဝါး တော်အောက်သို့ ပို့လာစေ၊
ရွှေဘဝါး တော်အောက် ရောက်သည့် မင်းဆွေစိုးမျိုး မှူးမတ်ဆွေမျိုး ကျန်သည်
ထွက်သွား၍ ရခိုင်မြို့သို့ ရောက်လျှင် ရခိုင်မြို့ဝန်တစီရင်စေ၊ ပုဏ္ဏားမျိုး၊ ဆတ္တာမျိုး၊ မိန်း
မစိုးတို့ကိုလည်း စစ်ကြောသိမ်းရုံး၍ ရခိုင်မြို့ဝန်က ရွှေဘဝါး တော်အောက်သို့
ပို့လာစေ။

4 February 1789

သက္ကရာဇ် ၁၁၅၀ (ပြည့်) တပို့တွဲလဆန်း ၉ ရက်နေ့ နဝး ခ ပြောကြီး
မှူးပြန်။
(အောင်ငြိမ်း စု)

ရှစ်ပါး ပုဏ္ဏားတို့မှာ ဒုရ်ဂါရာမိ၊ ဂုဝိန္ဒရာမိ၊ မာတောကီ၊ မုနိရာမိ၊ ငှာကုစံ၊ သိရိပြဟ္မာ၊ ဂဂီရာမိ၊ မော်ကာလာတို့ရှစ်ယောက်နှင့် မဟာဒိဝိ၊ တရိုရာမိ၊ အဿာရာမိ၊ ဒေါယာရာမိ၊ ရဂုနတ်၊ ရာဇဗလ၊ ရမ်နာရာမိ၊ ဂုဝိန္ဒရာမိတို့အလှည့်အလည်ထမ်း ရွက်စေ၊ ရခိုင်က ရောက်သည့်ပညာရှိ ပရိတ်ရွတ်၊ မင်စာရေး၊ တရောထိုး၊ အရှေ့မြိုနတ်ပူဇော်တို့မှာလည်း ဆိုင်ရာအမှုနှင့်ထမ်း ရွက်စေ။

သက္ကရာဇ် ၁၁၅၀ (ပြည့်) တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ 19 February 1789 ကျော်စွာနော်ရထာပြန်။

(အောင်ငြိမ်းစု)

ရနိုင်ပုဏ္ဏားတို့မှာ ရှစ်ပါး ပုဏ္ဏား၊ ပရိတ်ရွတ်ပုဏ္ဏား၊ အင်း ရေး ပုဏ္ဏား၊ တရေသထိုး၊ စောင်းတီး ပုဏ္ဏားတို့ကိုချထား ရင်း ပုဏ္ဏား တို့နေရပ်တွင်တစု နှင့်တစုမ ရောသွား မရှက်စေရ၊ သိသာပြေး နား ကွက်မှတ်၍ နေထိုင်ထမ်း ရွက်ကြစေ။

သက္ကရာဇ် ၁၁၅၁ ခုနယုန်လဆန်း ၁၂ ရက်နေ့နားခံ (5 June 1789) စ မြောင်မှူး ပြန်။

(အောင်ငြိမ်း စု)

8 June 1789

ဒုရ်ဂါရာမိအုပ်သည့်ပုဏ္ဏားတို့မှာမုန်ရာမ်ကိုအကြီးခန့်။

8 June 1789

သက္ကရာဇ် ၁၁၅၁ ခုနယုန်လဆန်း ၁၅ ရက် နေ့နား ခံ ဇေယ နော် ရထာပြန်။

(အောင်ငြိမ်း စု)

17 July 1789

(သက္ကရာဇ်) ၁၁၅၁ ခုဝါဆိုလပြည့်ကျော် ၁၀ ရက် နေ့ မဟာဒါန်ဝန်(နှင့်)သိကို ကျော်သူ တို့ကို စေ၍ လျှောက်ထားသည်တွင်အမိန့်ရှိလိုက်သည်ကား ။ ရှစ်ရွေး တပဲအစတည်း၍လုပ်ဆောင်သုံး စွဲသည့်အလေး ။ ခြောက်ရွေး တပဲအစတည်း၍လုပ်ဆောင်သုံး စွဲသည့်အလေး ။ နှစ်ရွေး တပဲအစတည်း၍လုပ်ဆောင်သုံး စွဲသည့်အလေး သာအဘိဓါန်ကျမ်း ။ ဝိနည်း ဋီကာကျမ်း များ နှင့်ညီညွတ်သည်၊ အဒိန္နာဒါန်ပါရာဇိကအဆုံး အဖြတ် ရောက်လျှင်အလေး သုံး ရပ်မှာ မည်သည့်အလေး နှင့်ဆုံး ဖြတ်သင့်သည်အမေး တော်အရတွင်နှစ်ရွေး တပဲ အစတည်း၍လုပ်ဆောင်သုံး စွဲသည့်အလေး နှင့်မိဿက ကဟာပဏ လေး ဖို့တဖို့မက်ဖြင့် ဆုံး ဖြတ်သင့်သည်၊ ရွေး စင်ဆောင်ငွေ မက်၏ထက်ဝက်သာထိုက်သည်ဟူ၍ ဥဇ္ဇုရဝိနိစ္ဆယ ဋီကာ၌ဆိုသည်၊ မုံညင်း နှမ်း က အထက်အသီး ဦး သည် ရွေး ကိုယူသင့်သည်ဖြစ်မည်၊ စပါး သာမန် လေး လုံး အလေး ရွေး ကိုယူသင့်သည်ဖြစ်မည်အမေး တော်အရတွင်စပါး မျိုး ခုနစ်ပါး ရှိသည်အနက်မကြီး မငယ်အလတ်ပမာဏသန်း ခုနစ်တောင်အစုခန့်ရှိ သည့် ကောက်စပါး လေး လုံး အလေး ရွေး ကိုယူမှုအဘိဓါန်ကျမ်း တွင် ကောက်စပါး လုံး ပမာဏကိုဆိုသည်၊ ရက္ခ ခြောက်ပါး တွင် ဟေမဝန္တရတု၌ဖြစ်သောစပါး မျိုး သည်သေး မည်၏၊ ဂိမ္ဟန္တရတု၌ဖြစ်သောစပါး မျိုး သည်သဋ္ဌကမည်၏၊ ဝဿနရတု၊ သရဒရတုတို့၌ ဖြစ်သောစပါး မျိုး သည် ကောက်မည်၏ဟူ၍ဒြဗျဂုဏ်ကျမ်း ၌ဆိုသည်နှင့်အညီ ဝဿနရတု၊ သရဒရတုတို့၌ဖြစ်သောစပါး မျိုး ကို ကောက်စပါး ဟူ၍ယူအပ်သည်၊ ဂဏန်း စာ၌လည်း မုံညင်း သုံး လုံး လျှင်နှမ်း တလုံး ။ နှမ်း လေး လုံး လျှင်ဆန်တလုံး ဟူ၍ပမာဏကိုသာဆို သည်၊ သုံး ဆုပ်ကိုတကချိတက်၍လုပ်ဆောင်သုံး စွဲသည့်ဇလား တောင်း တင်း ။ လေး ဆုပ် ကိုတကချိတက်၍လုပ်ဆောင်သုံး စွဲသည့်ဇလား တောင်း တင်း ။ ဒေသအလျောက်လုပ် ဆောင်သုံး စွဲကြသည့်ဇလား တောင်း တင်း များ တွင်မည်သည့်မှာကျမ်း ဂန်နှင့်ညီ သည်ဖြစ်မည်အမေး တော်အရတွင် လေး ဆုပ်တကချိတက်၍လုပ်ဆောင်သုံး စွဲသည့်ဇလား တောင်း တင်း သာအဘိဓါန်ကျမ်း ။ သုတ္တနိပါတ်အဋ္ဌကထာကျမ်း များ နှင့်ညီညွတ်သည်၊ သပိတ်သုံး လုံး ပမာဏကိုဆိုသည့်မဂဓရာဇ်တွမ်း စား လည်း အသီး အသီး ကွဲပြား သည်၊ ကျမ်း ဂန်နှင့်ညီ သောမဂဓရာဇ်တွမ်း စား သည်လက်ဖက်ကချိမည်မှ ဝင်သည့်အမေး တော်အရတွင်ကွဲပြား သမျှမဂဓရာဇ်တွမ်း စား နည်း သည်ကျမ်း ဂန်လာသည်၊ ဝိ နည်း ဋီကာဆရာတို့နှစ်သက်သည်မှာ ငါး ကချိတလက်ဆုပ်၏သုံး ဖို့တဖို့ဝင်သည့်မဂဓရာဇ်

ကွမ်းစားကိုသာငွေကာဆရာတို့နှစ်သက်သည်၊ စပါးခုနစ်လုံးသည်တလက်သစ်စသည်
ဖြင့်ဆိုသည်မှာမည်သည့်စပါးခုနစ်လုံးကိုတလက်သစ်ပြု၍အရညာကင်ယူသင့်သည်ဖြစ်မည်
အမေးတော်အရတွင်သန်းခုနစ်ကောင်အစုအရှိခန့်ကောက်စပါးမျိုးခုနစ်လုံးကို
တလက်သစ်ပြု၍ယူသင့်သည်ကိုအဘိဓါန်ကျမ်း၌ဆိုသည်၊ အလေးတောင်းတင်းတောင်
တာမှုသည်လောကဝတ်ရေးနှင့်သာစပ်သည်မဟုတ်၊ သာသနာရေးနှင့်လည်းစပ်
သည်ဖြစ်၍အမှန်အကန်ကျမ်းဂန်ညီရာသုံးဆောင်စေရမည်၊ အလေးမှာစပါးလေး
လုံးကိုတရွေး၊ ရှစ်ရွေးတပဲအစတည်၍လုပ်ဆောင်သုံးစွဲသည့်အလေး၊ ခြောက်ရွေး
ကိုတပဲအစတည်၍လုပ်ဆောင်သုံးစွဲသည့်အလေး၊ နှစ်ရွေးကိုတပဲအစတည်၍လုပ်ဆောင်
သုံးစွဲသည့်အလေးသုံးဂုဏ်တွင်မည်သည့်အလေးသည်ကျမ်းဂန်နှင့်ညီသည်ဖြစ်မည်၊ အဒိန္န
ဒါန် ပါရာဇိက အဆုံးအဖြတ်ရောက်လျှင်လည်းအလေးသုံးဂုဏ်တွင်မည်သည့်အလေး
မတ်နှင့်ဆုံးဖြတ်သင့်သည်၊ တရွေးအလေးစပါးလေးလုံးမှာလည်းမုံညင်းလေးလုံး
လျှင်နှမ်းတလုံး၊ နှမ်းလေးလုံးလျှင်စပါးတလုံးဂဏန်းစာဆိုသည်အတိုင်းမုံညင်း
နှမ်းက အတက်အသက်ညီစွာသည်၊ စပါးလေးလုံးအလေးရွေးကိုယူသင့်သည်၊ သို့မဟုတ်စပါး
သာမန်လေးလုံးအလေးရွေးကိုယူသင့်သည်ဖြစ်မည်၊ ဇလားတောင်းတင်းမှာလည်
သုံးဆုပ်ကိုလက်ဖက်တကဉ္စု၊ လေးကဉ္စုကိုတကွမ်းစား၊ ငါးကွမ်းစားတပြဲ၊ လေးပြဲ
ကိုတစိတ်၊ လေးစိတ်ကိုတတင်းလုပ်ဆောင်သုံးစွဲသည့်ဇလားတောင်းတင်း၊ လေး
ဆုပ်ကိုလက်ဖက်တကဉ္စု၊ လေးကဉ္စုတကွမ်းစား၊ လေးကွမ်းစားကိုတပြဲ၊ လေးပြဲကို
တစိတ်၊ လေးစိတ်ကိုတတင်းလုပ်ဆောင်သုံးစွဲသည့်ဇလားတောင်းတင်း၊ သည်မှတ
ပါးဒေသအလိုက်လုပ်ဆောင်သုံးစွဲကြသည့်ဇလားတောင်းတင်းများတွင်မည်သည့်ဇ
လားတောင်းတင်းကျမ်းဂန်နှင့်ညီသည်ဖြစ်မည်၊ အဘိဓာန်ဋီကပ္ပနာထိုက်သည့်သ
ဒိတ်သုံးလုံးပမာဏကိုနှိုင်းယှဉ်သည့်မဂဓရာဇ်ကွမ်းစားလည်းအသီးအသီးကွဲပြား
သည်၊ ကျမ်းဂန်နှင့်ညီသည့်မဂဓရာဇ်ကွမ်းစားသည်လက်ဖက်တကဉ္စုမည်မျှဝင်သည်၊
လက်သစ်တောင်တာမှာလည်းစပါးခုနစ်လုံးသည်လက်တသစ်၊ ၁၂သစ်သည်တထွာ၊ ၂
ထွာသည်တတောင်၊ ၄င်းခုနစ်တောင်ကိုတတာဆိုသည်၊ မည်သည့်စပါးမျိုးခုနစ်လုံး
ကိုလက်တသစ်ပြု၍အရညာကင်ယူရမည်များကိုအထက်အလေးတောင်းတင်းမှုကမေတ္တာ
စာသွင်းချက်တွင်တခုခုဥပဒေအဖြေသောအချာမှတ်တော်မူသာအောင်မပါသေးဖြစ်သည်

17 July 1789

ဆရာတော်ကို လျှောက်စေဦး ၊ (သက္ကရာဇ်) ၁၁၅၁ ခု ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့ ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း မဟာဒါန်ဝန်နှင့်သီရိကျော်သူတို့ကို လျှောက်လှာပါစေသည်၊ အထင်အမြင်ရှိတော်မူကြသည့်အတိုင်း တခုခုအသေအချာမှတ်တော်မူသာအောင်စာသွင်း တော်မူပါ၊ ကင်းကူးတို့များမှာလည်း ရဟန်းတို့အဖို့အခွန်မပေး မတိုင်မကြားသွားသည့်ရဟန်းမှာ မည်သည့်နှလုံးထား၍သွားလျှင်တရားမည်သို့ရှိထည်များကိုလည်း လျှောက် ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရပါသည်၊ တရားကျမ်းဂန်ရှိသည့်အတိုင်း မိန့်တော်မူပါဆရာတော်ဘုရား ၊ ကင်းကူးတို့များမှာအဖိုးအခွန်မပေး မတိုင်မကြားသွားသည့်ရဟန်းတို့မှာမည်သို့နှလုံးထား၍သွားလျှင်မည်သို့တရားရှိမည်အမေးတော်အရထွင်ရဟန်းများမှာ ကင်းကူးတို့စောင့်သူတို့အဖိုးအခွန်ယူလေ့မရှိဟုစင်ကြယ်သောစိတ်ဖြင့်သွားသော ရဟန်း ၊ တိုင်ကြား၍သွားသော ရဟန်းတို့မှာကင်းကူးတို့စောင့်ပို့သူတို့နှလုံးထားလျှင်အပြစ်မရှိ၊ ရှောင်ရှားလိုသောစိတ်ဖြင့်သွားသော ရဟန်းတို့မှာဘဏ္ဍာအလျောက်အပြစ်ရှိသည်၊ ကင်းကူးတို့များမှာလည်း ရဟန်းတို့အား စောင်မရသောအပရိဟာနိယတရား ၇ ပါးရှိသည်နှင့်အညီရဟန်းတို့ကိုအသွားအလာချမ်းသာစေခြင်းငှါထိုး စံဥပဒေထား တော်မူသောသာသနာတော်ကိုချီးမြှင့်ခြင်း ထာဝရတုသိုလ်တော်ပွါးများမည်အကြောင်းကို မေတ္တာစာဆက်သွင်း အပ်သည်သာသနာဒါယကာတရားမင်းမြတ်။

(<u>အမေးတော်ဖြေ</u>၊ ၁၉၆၁၊ စာ၂၁၀-၁၉)

သားသမီး တို့ဆက်ခံရသည့်မိဘတို့အမွေသည် ဝေကောင်း သည့်အမွေလည်း ရှိသည်၊ မဝေကောင်း သည့်အမွေလည်း ရှိသည်၊ ကြီး ငိုး စိုး ငိုး မှူး ငိုး ကဲငိုး များ သည်အဘကကိုသား အကြီး တယောက်သာ ခံထိုက်၍ မဝေကောင်း သောအမွေဖြစ်သည်၊ ငိုး ရာဆိုသည်လည်း ဆက်ခံထိုက် အောင်တတ်ကုန် ဆောင်ရွမ်း နိုင်မှဆက်ခံရမည်ဖြစ်သည်၊ မတတ်ကုန်မ ဆောင်ရွမ်း နိုင်၍အခြား သူကိုလွှဲအပ်သည်၊ တယောက်တည်း မနိုင်၍ ဖက်တွဲ ဆောင်ရွက်ကြီး စိုး စေသည်များ ကြောင့်အငိုး ပွါး များ ၍အလုအယက်အငြင်း အခုံမစဲဆင်း ရဲသား မလွတ်အပင်အပန်း ရှိကြသော ကြောင့်တမြိုတရွာလျှင်တယောက်သာတလုံး တဝတည်း ကြီး စိုး စေပြဋ္ဌာန်း တော်မူသည်၊ ကြီးငိုး စိုးငိုး မှူးငိုး ကဲငိုးများ ကိုအခြား မဆိုင်သူသို့မလွှဲမအပ်စေနှင့်၊ တယောက်တည်း မနိုင်သည်ဟူ၍လည်း ဖက်တွဲဆင့်ပွါး ၍ မစီရင်စေနှင့်၊ ငါလည်းကြီးစိုး စီရင်ရဘူး သည်အစွဲပြု၍အငိုး လည်း ပုက်ပြား မည်၊ တယောက်ကိုနှစ်ယောက်အငိုး လည်း ပွါး မည်၊ မတတ်ကုန်မ ဆောင်ရွမ်း နိုင်၍လွှဲအပ်လိုလျှင်သား ကိုသာလွှဲအပ်စေ၊ သား ငယ်ရွယ်၍ မတတ်တုန်မ ဆောင်ရွမ်း နိုင် သော ကြောင့်အခြား မဆိုင်သူသို့လွှဲအပ်လျှင် မူလအငိုး ဆိုင်သူတတ်ကုန် ဆောင်ရွမ်း နိုင်သည့်ကာလအပ်စေ၊ ကြေးငွေနှင့်လွှဲလျှင်အငိုး ဆိုင်သူက ကြေး ငွေ ပေး စေ၊ တသန္တာန်ပိုင်ပါလေ တော့သိး စဉ်မြေး ဆက်ပါပိုင်ပါစေ တော့ဆို သော်လည်း မပိုင်စေနှင့်။

7 September 1789

(သက္ကရာဇ်) ၁၁၅၁ ခု တော်သလင်း လပြည့်ကျော် ၃ ရက် နေ့နား ခံစမြောင်မှူး တွင်ပြန်။

(အုပ်ချုပ်ပုံ၊ ၃၊ ဝါ၁၅၆-၇၊ ဗိုဒ်၂၅၃(၁၁))

19 October 1789

သဘာဂဆရာတော်တို့နှင့်သမဂ္ဂသမောဓာန သဘာဂရဟန်း သံဃာတို့မှာ အရပ်ရပ်ကင်း ကူး တို့အခွန်မကောက်မခံ စေနှင့်လွတ်စေ၊ (သက္ကရာဇ်) ၁၁၅၁ ခု 19 October 1789 တန်ဆောင်မုန်း လဆန်း ၁ ရက် နေ့နား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(အမေး တော်ဖြေ၊ ၁၉၆၀၊ စာ ၂၁၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း
တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရွှေနန်း တော်ပတ်လည် ရွှေရုံး နောက်
ရုံး မှစ၍ပြင်အိမ်ဝန်အိမ်များ တွင်ဆင်း ရဲသား ကျွန် တော်မျိုး တို့အိမ်မှ ရွာမှ
တရား စကား အရှက်အတင်များ ကို လျှော်ပြစ် လျှော်ဒဏ်ကျ ရောက်လျှင် ကြေး ချိန်
ကြေး ကျနည်း ၍ ရာဇဝတ်ဒဏ်မထား လျှင်တ ယောက်ကိုတ ယောက်၊ မလိုလျှင်မလို
လျှောက်ကြူး လွန် သော်လည်း အ လျှော်အပြစ် ကြေး ဒဏ် ငွေ ဒဏ် မည် မျှသာ ဖြစ်သည်
စွဲယူ၍ နိုက်ပွါး ရန်စည်အမှုအရာ ပွါးများ မည်၊ လျှော်ပြစ် လျှော်ဒဏ်သို့ ရောက်သည့်
အမှုများ ကိုရာဇဝတ်ဒဏ်ထား ၍အ လေး အနာ စီရင်ကြရမှအမှုမပွါး များ ငြိမ်
ဝပ်မည်ဖြစ်သည်၊ ရာဇဝတ်ဒဏ်ထား ရာ မှာလည်း မြေမှု ရေမှုအ မွေအနှစ် ကြေး
ကျွန်ဥစ္စာလယ်ယာ ချောင်း ခင်း အမှုစကား များ ကိုဥစ္စာလိုက်တရား ဓမ္မသတ်
အစုအဆ စီရင်ထုံးဆီရင်နည်း ရှိကြ လေပြီး သည်ရာဇဝတ်နှင့်ပိုင်း ခြား ပြဋ္ဌာန်း
ရ တော့မည်မဟုတ်ပြီ၊ သူခိုး ဓါး ပြ မုဒိန်း တန္တလု မွေလု နှောက်လုလျှပ်လု ပေါက်
များ မှာလည်း ဘေး လောင်း ကော်တိုး လောင်း တော်အဆက်ဆက်ပြည် လှေး
ပြည်မှား ဖြစ်သည့်ရာဇဝတ် လေး ပေါ့ကို ထောက်၍ကွပ်ညှပ်စီရင်မြဲထုံး စံရှိပြီး၊
သူ့သား အိမ်ယာသား ပျိုသမီး ပျိုတို့ကိုပြစ်မှား သည်အမှုတ ယောက်ကိုတ ယောက်
ရိုက်ပုတ် ထောင်း သတ်သည့်အမှုများ ကိုသာ ငါအသျှင်ဧကရာဇ်မင်း မြတ်အမိန့် တော်
သည့် ဒေသအရပ်အကွက်သာ မဟုတ်၊ ရာဇဝတ်ဆိုင်သည်ကိုစီရင်ပိုင်ရာအရပ်တွင်
လည်း စီရင်ပိုင်ရာသည်၊ အ ဝေး အလံမြို့ကိုင်ရွာသူကြီး ကလံတို့ ရှေ့သည့်ကဲ့သို့အိမ်မှု
ရာမှုနှုတ်လွန်လက်လွန်အမှုများ ကိုပင်ရာဇဝတ်ဆိုင်ရာ ပို့အပ်ရ လေလျှင်လည်း
မြို့စား ရွာစား တို့မှာ စီရင်ရန်ရှိ တော့မည်မဟုတ်ပြီ၊ ရွှေဘဝါး တော် အောက်
တွင်အမှုကိုလည်း အယုတ်အမြတ်ပိုင်း ခြား ၍ ငါအသျှင်ဧကရာဇ်မင်း မြတ်ရာဇဝတ်
ထား ရာ ဒေသအရပ်အလိုက်အ ဝေး အလံမြို့ကိုင်ရွာကိုင်သူကြီး ကလံတို့ ရှေ့ဖြစ်ကြသည့်
အမှုကိုလည်း အ ဝေး အလံအလိုက်ပြဋ္ဌာန်း ပိုင်း ခြား ၍ဖြစ် စေရမှ ရာဇဝတ်
ကြောင်း မ ထွေး မရှက်ရှင်း လင်း သိသာ၍ စီရင် ရေး စီရင်မှုမပွါး မများ သေ
ချာငြိမ်ဝပ်မည်၊ ရွှေဘဝါး တော် အောက်ရာဇဝတ်နှင့်သိး သန့်ရမည့်အမှုများ
မှာသူခိုး ထား ပြမုဒိန်း တန္တလု မွေလု နှောက်လုလျှပ်လု ပေါက်တို့မှာလည်း ပြည် လှေး

ပြည်မှာ ရာဇဝတ် တော်နှင့်ဆိုင်သည့်အမှုဖြစ်သည်၊ ရာဇဝတ် တော်နှင့်ဆိုင်သည့်
အမှုကိုလည်း နည်း သည်များ သည်ဟူ၍ ရာဇဝတ် ဒဏ်မှာသာ နည်း များ အလိုက်ဆင်
ချင်၍ စီရင်ရမည်ကိုနိုး တက်ဥစ္စာအနည်း သာဖြစ်သည်၊ လျော် စေကျ စေ၊ ဓမ္မ
သတ်စာ ဟောင်း သို့လိုက်၍ စီရင်ကြသည့်အရာများ သည်ရာဇဝတ် တော် ကြောင်း
ပွါး များ မည်ကိုမ ထောက်၊ သည်အမှုကိုငါတို့စစ် ကြော စီရင်လျှင်စစ်ဝတ်ပန္နာ ကြေး
ငွေရမည်၊ ကြေး ငွေပန္နာသို့လိုက်၍ ရာဇဝတ်စီရင် ရေး စီရင်မှုပွါး များ အောင်
စီရင်ကြသည်၊ သူနိုး ခါး ပြုမှု ဒိန်းဟန္တလု လျှပ်လု ပေါက် ပေါ် ဖိုလျှင်မြို့ကိုင်ရွာကိုင်သူ
ကြီး ကလံတို့ ရှေ့တရား စကား ကဲ့သို့ဆင် ခြေဆင်လက်တင်၍ မစစ်မ ကြော စေနှင့်၊
ရှေ့နေ ရှေ့ရပ်တို့လည်း လိုက်လံ၍ မ ဆောင်မရွက် မလဲမဆို စေနှင့်၊ ရာဇဝတ်စစ်
သာ စစ် ကြော၍ မှန်လျှင်နိုး ထုတ်ဥစ္စာ နည်း သည်များ သည်မဆိုသူနိုး ထား ပြုမှု
ဒိန်း တန္တလျှပ်စား ပေါက်စား ပြုကျင့်သူတို့ကို ရာဇဝတ်ဆိုင်ရာကြီး ပင်း သကား
နှင့်ပို့အပ် စေ၊ မြို့ကိုင်ရွာကိုင်သူကြီး ကလံတို့က စစ်ချက် ကြော ချက်နှင့်ရာဇဝတ်ဆိုင်
ရာပို့အပ် လေပြီး သည့်သူတို့ကိုလည်း ရာဇဝတ်ဆိုင်ရာမြို့ဝန်တို့ ရှေ့ ရောက်လျှင်ထပ်
၍ မစစ်မ ကြော စေနှင့်၊ အပြစ် လေး ပေါ့ကို ထောက်၍သာကွက် မှတ်၍ ဖြည့်တန်သည်၊
တည့်တန်သည်၊ သတ်တန်သည်၊ ဖြတ်တန်သည်၊ ရာဇဝတ်အ လျှောက်ကွပ်ညှပ်စီရင် စေ၊
အ လျှော်အ ပေါ့မစီရင်ကြ စေနှင့်၊ တမြို့နှင့်တမြို့တရွာနှင့်တရွာ မြေမှု ရေမှုအချင်း
များ ကြလျှင် ရှေး အမိန့် တော်တမ်း မှာ လည်း ရွှေတိုက်စာရင်း တော်ရှိရာသိ
ဖြစ် စေ၊ ရှိသည် ရွှေတိုက်ရှိရာသာဖြစ် စေရမည်ကိုတမြို့နှင့်တမြို့တရွာနှင့်တရွာစစ်
ရေး မင်း မှုကဲ့သို့တုတ် ခါး လှံနှင့်ခိုက်ရန်ဖြစ်ကြသည့်အမှုများ သည်ရာဇဝတ် တော်
စီရင် ရေး ပွါး များ မည့်အမှုဖြစ်သည်၊ ကြူး လွန်သည့်သူကြီး တလံ ခေါင်း အကြီး တို့ကို
ရင်ကိုခွဲ၍ပြစ်၊ သင်း တို့နှင့်အ ပေါင်း အဘက်ခိုက်ရန်ဖြစ်ရာ ပါသမျှတို့ကိုဖိန်း ထိုး
၍ ပို့၊ အိမ်မှုယာမှု လျှော်ပြစ် လျှော် ဒဏ်တရား စကား များ မှာလည်း နေရာ
ငါး သွယ် နေမှုး မတ်မှ စ၍ ၄၀၊ ၅၀အတွင်း မြဲလူမျိုးတော်စု ရေး စုကိုင်အရာအ
ထူး နှင့်ခန့် တော် မူသသူတို့အမှုဖြစ်လျှင်အ ဝေး အလံမှာ ပင်ဖြစ် သော်လည်း မြို့ကိုင်
ရွာကိုင်သူကြီး ကလံတို့ ရှေ့စီရင်ရမည်မဟုတ်၊ ငါအသျှင် ဧကရာဇ်မင်း မြတ်သူ ကော်င်း
ပြု တော် မူ၍အရာဌာနနှင့်သီး ခြား လေပြီး သည်ဖြစ်သည်၊ ရွှေဘဝါး တော် အောက်

တွင်သော နေရာအမျိုး အမည်အရာဌာနသို့လိုက်၍ ရာဇဝတ် ဆိုင်ရာဖြစ်
စေရမည်၊ ရွှေဘဝါး တော် အောက်တွင်လည်း နေရာငါး သွယ် နေအမှုး အမတ်
နေရာမ နေသုံး သွယ် နေရာနှင့်ရည်တူ ၄၀ တော် ၅၀ တော်မှုး မတ်အရာဌာ
နသို့မရောက် သေး ဗိုလ်မှုး တပ်မှုး ပြု၍အမှုတော်ကိုထမ်း ရွက်သူ၊ အရာဌာန
သို့ရောက်သည့်စု ရေး စုကိုင်အမှုး အကြီး အသီး သီး အမျိုး အမည် နေရာထိုင်ရာ
သို့လိုက်၍သီး သန့်ခြား နား ပိုင်ခြား ပြဌာန်း ရမည်၊ တော် နေရာ နေဒူး
နေရာ နေသို့ ရောက် လေပြီး သည်မှုး ကြီး တို့သား မယား ကိုသူ ကောင်း သူလတ်
သူယုတ်မဆိုပြစ်မှား လျှင်အသက်ဆုံး စေ၊ သုံး သွယ် နေရာ နေမှုး မတ်တို့နှင့်အတွင်း
တော်မြို ၄၀၊ ၅၀မှုး မတ်တို့သား မယား ကိုပြစ်မှား လျှင်မိန်း မနှင့် ယောကျ်ား
ကိုဥ ဈောင်း ကို လေး ထောင့်ကြား ၍ မျက်နှာကိုမီး သွေး သုတ်ပြီး လျှင်အဝတ်နံ ငယ်
နှင့်ကြိုး မျက် မှောင်တည့်၍အများ ကြောက်ရွံ့ထင်ရှား အောင်ပြည်ကို မောင်း လည်
၍ မသာသွား ရာတံခါး ဖြင့် နေပူတွင် ခြေနှင့်လက်ကိုကား ကြက်၍ထား ၊ နာကြင်
လှ အောင်ရိုက်၍သက်ရှိသက် မဲ့ ပစ္စည်း ဥစ္စာကိုသိမ်း စေ၊ ယင့်ကိုယ်နှင့်တကွသား မ
ယား တို့ကိုလည်း ကျွန်ပြု စေ၊ နေရာသို့မ ရောက် သေး သည့်အမှုထမ်း ဗိုလ်မှုး တပ်
မှုး စု ရေး စုကိုင်အမှုး အကြီး သား မယား ကိုပြစ်မှား လျှင်မျက်နှာကိုအိုး မည်း
သုတ်၍ မိန်း မနှင့် ယောကျ်ား ကိုအဝတ်နံ ငယ်နှင့်ကြိုး မျက် မှောင်ထည့်ပြီး လျှင်ပြည်
ကို မောင်း လည်၍ မသာသွား ရာတံခါး ပြင်တွင် ခြေနှင့်လက်ကိုကား ကြက်၍အချက်
၅၀နာ အောင်ရိုက်ပြီး လျှင်ဆင်စာမြင်း စာရိတ် စေ၊ အ ရှော်အပြစ်မရှိ စေနှင့်၊
သူနှုတ်ကိုသူနှုတ်ခြင်း သား မယား ကိုပြစ်မှား လျှင်အ ဝေး အလံမြို့ကိုင်ရွာကိုင် ကျေး
စား ရွာစား တို့လည်း စစ် ကြော စီရင်ကြရမည့်အမှုဖြစ်သည်၊ ကြေး ရှော်ကိုသာ
လွှတ် စေရမည်၊ ကျွန်ကို ရှော်ပြစ်ထား ၍အစုမဲ့ကျွန်တ ယောက် ပေး ရှော် စေ၊ ကျွန်
ကို ရှော်ပြစ်ထား လေပြီး သည်ကိုလည်း ကျွန်ဘိုး ကိုမည်သို့ဖြစ် စေမပိုင်း မခြား သာ၊
ကျွန်တ ယောက်အဘိုး တန်ကိုသာဖြစ် စေ၊ သူသား ဖျိုသမီး ဖျိုကိုအိမ် ထောင်ကြီး ဖွဲ့
ပတ်ဖျက်ဆီး သည့်အမှုမှာ ယောကျ်ား မြတ်သူဖြစ်၍ မိန်း မအမျိုး ယုတ်ဖြစ်လျှင်သင့်
နေ စေ၊ မသင့်မ နေလိုလျှင်ကျွန်ကိုသာ ရှော်ပြစ်ထား ၍ ပေး ရှော် စေ၊ သူကိုအ
သေသတ်သည့်အမှုမှာအ ရှော်အပြစ်မစီရင်သာ၊ ရာဇဝတ်သည် သေလျှင် သေစား

သေ စေ၊ သူတ ယောက်ကိုတ ယောက်လက် ရောက်ဂိုက်ပုတ် ယောင်း သတ်သည့်အမှုမှာ ရွှေတဝါး တော် အောက်အမှုဖြစ်လျှင်အချက် ၅၀ နှာလှ အောင်ဂိုက်၍ဆင် ချေး မြင်း ချေး ကြိုး စေ၊ ခံရသူမှာလည်း ဒဏ်ချက်ဒဏ်ရာကို ယောက်၍ကျွန်တ ယောက်တန်သည် ၂ ယောက်တန်သည်၊ ၃ ယောက်တန်သည် ပေး လျှော် စေ၊ သူတ ယောက်ကို ၂ ယောက် ၃ ယောက် ၄ ယောက် ၅ ယောက် ဝန်း ဂုံအုံညီ၍သတ်ပုတ်လျှင်လက် ရောက်သူကိုအချက် ၅၀ ဂိုက်၍ဆင်စာဂိုတ်မြင်း စာဂိုတ်ထည့်၊ ဝန်း ဂုံသူတို့ကိုလည်း ကျွန်အ လျှော်အပြစ်တတ်၍ လျှော် ပေး စေ၊ အ ဝေး အလံမြို့ကိုင်ရွာကိုင် ကျေး စား ရွာစား တို့ ရှေ့အမှုဖြစ်လျှင်ရာဇဝတ်မစီရင် စေနှင့်၊ ကျွန် လျှော်ပြစ်တွင်သာတဆကို ၂ ဆထပ်၍ ရာဇဝတ် ပေး လျှော် စေ၊ ကြေး လျှော် ငွေ လျှော်မစီရင်ကြ စေနှင့်၊ ကျွန်သာ လျှော်ပြစ် လျှော်ဒဏ်တတ်၍ လျှော် ပေး စေ၊ အ ဝေး အလံ ဝန်စစ်ကဲခန့်ထား တော်မူသည့်မြို့ ရွာများ မှာ ရွှေဘဝါး တော် အောက်မှာနည်း ရာဇဝတ်ကိုပင်စစ် ကြောစီရင် ကြရမည်ဖြစ်သည်၊ ရွှေဘဝါး တော် အောက်စီရင်သည့်နည်း ကိုသာလိုက်၍ စီရင် စေ အမိန့်တော်ကိုမတည်ရာဇဝတ်ထား လေပြီး သည်ဤမှုအရပ်ရပ်ကို ကြေး ငွေလပ် ပန္နာသို့လိုက်၍ လျှော် ငွေ လျှော် ကြေး စီရင်လျှင် ၂ ခွန်း ချေရမည်မမှတ်နှင့်၊ ထင် ရှား အောင်စီရင်မည်၊ ရှေ့ရုံး နောက်ရုံး ပြင်အိမ်ဝန်အိမ်မှစ၍အ ဝေး အလံ မြို့ဝန်စစ်ကဲမြို့ကိုင်ရွာကိုင်သူကြီး ကလံတို့ကို စေ့နှံ့ အောင်ပြန်ဆိုမှာထား ရမည်။

5 December 1789

(သက္ကရာဇ်) ၁၁၅၁ ခုနှစ် တော်လပြည့်ကျော် ၃ ရက် နေ့နား ခ စ မြောင်များ ထွင်ပြန်။

(မှူး ကြည့်၊ ပု၊ ၆၁၆၊ တောင်ခွင်သာသနာပိုင် ပေမူ)

12 April 1791

ဝန်စာရေးကြီး တို့ကထွင်း သင်း တိုက်အဝင်သံတို့ရွာ ကျေးသီး ချောင်းဆုံရွာ
များတွင်နေထိုင်၍ မယ်တော်ကြီးထမ်း ဟောင်းသံတို ချောင်းဆုံရွာများတွင်နေ
ထိုင်ထမ်း ရွက်သူ ငချစ်မှတ်၊ ငကြွယ်၊ ငချော၊ ငချစ်ရာ၊ ငမြတ်ရွှင်၊ ငသာထွေး၊
ငညိုဦး၊ ငတွယ်၊ ငမြတ်ရွဲ၊ ငကြာညို၊ ငချစ်စံ၊ မိရ၊ ငသာအိုး၊ ငစံ၊ မိသာလှေး၊
ငနိုး၊ ငကြွင်း၊ ငမှိုင်း၊ ငရွှေဦး၊ ငရွှန်း၊ ငရွှဲ၊ ငဘိုးသူ၊ ငသာပဲ၊ ငမြတ်
နု၊ ငဝက်၊ ငမွေး၊ ငပန်း ဖြူတို့ကို မြို့စစ်ကဲတိုက်ဝန် တိုက်စာရေး ကျေးရွာသူ
ကြီးတို့က စရိတ်ကျေး ငွေစစ်လက်နက်ကိုင်အခန့်အထား အနုတ်အယူ မရှိစေရ၊ နန်း
မတော်ဝန်စာရေးကြီးတို့က သိမ်းရုံးထမ်းရွက်၍ ကျေးရွာမှာအသည်အလာဝင်
နေကပ်ပါး တို့ကိုသိမ်းသွင်း ပြုစုထမ်းရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်
ဦးတင်ချက်အတိုင်း သံတို ချောင်းဆုံရွာ နေငချစ်မှတ်၊ ငကြွယ်၊ ငချော၊ ငချစ်
ရာ၊ ငမြတ်ရွှင်၊ ငသာထွေး၊ ငညိုဦး၊ ငတွယ်၊ ငမြတ်ရွဲ၊ ငကြာညို၊ ငချစ်စံ၊
မိရ၊ ငသာအိုး၊ ငစံ၊ မိသာလှေး၊ ငနိုး၊ ငကြွင်း၊ ငမှိုင်း၊ ငရွှေဦး၊ င
ရွှန်း၊ ငရွှဲ၊ ငဘိုးသူ၊ ငသာပဲ၊ ငမြတ်နု၊ ငဝက်၊ ငမွေး၊ ငပန်းဖြူတို့နှင့်လူ
၂၀ ကျော်သားတို့ကို မိဘုရားမှာ တဝတည်း ထမ်းရွက်စေ၊ မြို့ဝန်စစ်ကဲတိုက်ဝန်
တိုက်စာရေး ကျေးရွာသူကြီးတို့က အနှုတ်အယူ စရိတ်ကြေး ငွေအခွဲအခန့်အနှောက်
အရှက်မရှိစေနှင့်၊ အသည်အလာဝင်နေကပ်ပါးတို့ကိုလည်း ကျေးရွာမှာသိမ်းသွင်း
ပြုစု၍ထမ်းရွက်စေ။

J2 April 1791

သက္ကရာဇ် ၁၁၅၃ ခု ကဆုန်လဆန်း ၁၀ ရက်နေ့ ငါး ခ ပြောကြီးမှူး
ပြန်။

(ရှေးဟောင်းသုတေသန)

သံချက်အစုသား တို့ကိုကျီဝန်မဟာဘတရဖွား ကိုအပ်၍ထိန်းသိမ်း အုပ်ချုပ်စီရင်စေ၊ သံချက်အစုသား ကပ်နိုသမျှလူတို့ကိုလည်း မကပ်မနိုစေနှင့်၊ နှုတ်သိမ်း၍ သံချက်အစုမှာထမ်းရွက်စေ။

သက္ကရာဇ် ၁၁၅၃ ခု တပေါင်းလဆန်း ၃ ရက်နေ့နှာ: ခ (24. February 1792) နေ့ဘုရ ထာပြန်။

(မျိုး ကြည့်၊ ပု၊ ၆၀၄)

12 November 1792

ကျီဝန် ဝန်စု၊ ငွေခွန်ဝန်စု၊ ရွှေခွန် ငွေခွန်ဆက် ကျေးရွာများ မှာ စစ်လက်နက်ကိုင် မခန့်နှင့်၊ ရွှေခွန် ငွေခွန်ကိုသာ ဆက်သွင်း မြဲအတိုင်း ဆက်သွင်း ထမ်းရွက် စေ။

12 November 1792

သက္ကရာဇ် ၁၁၅၄ ခုတန်ဆောင်းမုန်း လပြည့်ကျော် ၁၄ ရက် နေ့နာ ၁း ခ
စ မြောင်မျှး ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၀၄)

ရနိုင်ပါစလွယ်တင်ပုဏ္ဏားတို့ကိုရှစ်ပါး ပုဏ္ဏားတို့အပေါင်း ဖြစ်စေ။

သက္ကရာဇ် ၁၁၅၄ ခုပြာသိုလဆန်း ၇ ရက် နေ့နား ခံ 19 December 1792 ကျော်စွာ နော်ရထာပြန်။

(အောင်ငြိမ်း စု)

ကျိုဝန် ဝန်စုနန်း ရိုး ရွှေခွန် ငွေခွန်သံသ ဈေး ပယင်း ကျောက်ငှက်မြီး ဆက်
အခွန် ထော်ထမ်း အစုသား တို့မှာအစဉ်ထုံး စံရှိသည့်အတိုင်း တိုက် တော်ကျ တော်
ကိုနှစ်စဉ်ဆက်သွင်း ရသည်ဖြစ်သည်၊ မင်း မိဘုရား မင်း ညီမင်း သား တို့ကို
ပေး ဘွဲ့ရာ ပါလျှင်သင့်ရာအစုသား တို့နှင့်လဲ၍ ပေး ၊ အရပ်ရပ်ကပ်နိုထမ်း ရွက်
သည့်လူတို့ကိုနှုတ်၍ကျိုဝန်ကိုအပ်၊ ရွှေခွန် ငွေခွန်နန်း ရိုး အခွန် တော်ထမိး လူတို့
လုမ်စား နေထိုင်မြို့ ပယ်နယ် ကျေး ရွာကို စော်ဘွား မြို့စား မြို့ရွာသူကြီး တို့က ပယ်
တွင်း နယ်တွင်း ဖြစ်သည် စီရင်ရ ကောင်း သည် မဆို စေနှင့်၊ အခွန် တော်ထမ်း မှန်
သမျှလူတို့ကို ဝန်စုဆိုင်ရာ စီရင် စေ၊ စစ်လက်နက်ကိုင်ရိုကျွာဆန် ဝန်တင်စရိတ် ကြေး
ငွေမခန့်မထား စေနှင့်၊ ကျိုဝန် ဝန်စုဆက်သွင်း မြဲအခွန် တော်မ ပြေသည်ကိုလည်း
ရှိသည့်အိမ်နှင့်ပြန်အမ်း ၍ ပြေ အောင်အခွန် တော်ကိုဆက်သွင်း ထမ်း ရွက် စေ။

သက္ကရာဇ် ၁၁၅၅ ခု ဒုတိယဝါဆိုလဆန်း ၆ ရက် နေ့နား ခံ (13 July 1793) ကျော်စွာ
နော်ရထာပြန်။

(မှီး ကြည့်၊ ပု၊ ၆၀၄)

သီရိမဟာဓမ္မာဘိ ဇေယသီဟသူရ အိမ်ရှေ့စံမင်းကြီး အိမ်ရှေ့မင်း မိဖုရားကို အိမ်ရှေ့တော်တွင်အရှေ့မြောက်ထောင့် မြေလပ်တွင်သင်္ဂြိုဟ်စေ၊ အခမ်းအနားမှာ မယ်တော်ဘုရားကြီး ကိုသင်္ဂြိုဟ်သည့်နည်း ပြီးပြေ အောင်သင်္ဂြိုဟ်စေ။

24 March 1794

သက္ကရာဇ် ၁၁၅၅ ခုတပေါင်း လပြည့်ကျော် ၉ ရက်နေ့ အိမ်ရှေ့တော်နားခ ကျော်စွာ နော်ရထာ ဘွင်ပြန်။

(တက်ဗဟို၊ ၄၅၂၀၇)

မဟာသိဂိုဇေယသန်ယာခံ ငမြတ်တော်သည်မှူး ကြီး မတ်ကြီး ကျောင်းတကာဖြစ် လျှက်ပိဋကတ်စာတော် ရွှေရေး မင်ရေး ကညစ်ရေး စာတော်များ ကိုတိပိဋ ကာလင်္ကာရသိဂိုဓဇမဟာဓမ္မရာဇဓိရာဇဂုရုတံဆိပ်ခံဗား ကရာ ကျောင်း နေငကျော်ထွေး ကျောင်း သို့ဆောင်ယူသွား သည်ကို ကျေးဇူး သစ္စာ တော်ရှိ သည့်အတိုင်း မလျှောက်မထား နေသူဖြစ်သည်၊ တိပိဋကာလင်္ကာရသိဂိုဓဇမဟာ ဓမ္မရာဇဓိရာဇဂုရုတံဆိပ်ခံဗား ကရာ ကျောင်း နေငကျော်ထွေး လည်း ပိ ဋကတ်စာတော်များ ကိုမသိမ်း မယူသင့်သည်ကိုသိမ်း ယူထား သောကြောင့်မိုး မ သင့်တန်မီး သင့်၍ဆုံး ရလေသည်၊ ကျောင်း တကာ ငမြတ်တော်နှင့် ကျောင်း နေ ငကျော်ထွေး တို့နှစ်ယောက်ကို ရွှေမြို့တော်သို့ပို့၍အနောက်သို့သွား မြုသွား စေ။

12 April 1794

(သက္ကရာဇ်)· ၁၁၅၆ ခုတန်ခူး လဆန်း ၁၃ရက် နေ့မင်း ကွန်း အနောက် ဘက်စိန်နန်း တော်တွင်နား ခံ ဇေယနော်ရထာ တွင်ပြန်။

(တောင်ခွင်သာသနာပိုင် ပေမူ)

ဗြာဟ္မဏစု မဟာရာဇိန္ဒဓမ္မရာဇာဂုရုအုပ်စု၊ ဗြာဟ္မဏစန္ဒီနတ်ပူဇော်ပုဏ္ဏား
ကျား ကြီး မကြီး ၁၄ ဝကိုရိုကွာ တော်ကို တော်ကထုတ်၍လစဉ် ပေး မြဲ ပေး ။

24 April 1794

သက္ကရာဇ် ၁၁၅၆ ခုတန်ခူး လဆုတ် ၁၀ ရက် နေ့နံ ၁ ဇေယနော်ရ
ထာပြန် ။

(အောင်ငြိမ်း စု)

၁။ ။ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ငါအစိုးရတော်မူသည့်တိုင်း ခရိုင် နိုင်ငံတော်အလွန်ကြီး ကျယ်သည်။ သို့ကြီး ကျယ်သည့်နိုင်ငံတော်အတွင်း စီရင်ခြင်း စီရင်ဘွယ်လည်း အလွန်များ ပြား စွာရှိသည်။ အဂတိ လေး ပါး သို့လိုက်၍ မစုံ မ စမ်း မစီမစစ်စီရင်လျှင်အမှုမှန်ရာမဖြစ်၊ စီရင်သူလည်း ပစ္စုပ္ပန်သံသရာအ ပြစ်နှစ်ပါး မကင်း မလွတ်ရှိမည်။ အဂတိ လေး ပါး သို့လိုက်၍ မစီရင်နှင့်။

၂။ ။ဗာရာဏသီပြည်ဗြဟ္မဒတ်မင်း၏ပု ရောဟိတ်ပုဏ္ဏား ရထား နှင့်မိမိစား သည့် ကျေး ရွာသို့သွား ရာလမ်း ခရီး အကျဉ်း အမြောင်း တွင်လှည်း သမား တ ယောက်နှင့်ဆိုင်မိ၍ခရီး မလွဲ နေ သော ကြောင့်ရထား နှင်တံနှင့်လှည်း သမား ကိုပုဏ္ဏား ထိုး ရာလှည်း သမား ကိုမထိ၊ ရထား နှင်တံနှင့်လှည်း ဦး ကိုနိုက်တိုက်မိ သည်နှင့်ပုဏ္ဏား နဖူး ကိုပြန်၍ထိုး မိသည်တွင်အဘူး အ ရောင်ရှိသည်ကိုလှည်း သမား ပုတ်ခတ်သည်ဟု လျှောက်ရာမစုံ မစမ်း အလျှင်ဦး သော ပုဏ္ဏား စကား ကိုသာယုံ၍မစီမစစ်မစီရင်နှင့်၊ နှစ်ဦး သား တို့စကား ကိုကြား ပြီး မှစုံ စမ်း စိစစ်၍မှန် အောင်စီရင်။

၃။ ။တရား နှင့်အညီဆုံး ဖြတ်စီရင်ခြင်း လည်း နတ်ရွာလမ်း ကြောင်း ကုသိုလ်ဖြစ်သည်ဆိုသည့်တရား နှင့်အညီအမှန်အကန်ဖြစ် အောင်လည်း တရား ကျမ်း ဂန် ရှေး ထုံး စံရှိလျှင်ရှိ လျှောက်မရှိလျှင်မရှိ လျှောက်ဖြစ်သည့်အမှုစကား နှင့် လျော် အောင်သ ဘောယုတ္တိကို ထောက်၍ စီရင်မှအမှန်အကန်ဖြစ်မည်။ ဝေသာလီပြည်ဝဇ္ဇီ မင်း တို့အစဉ်ထုံး ဥပ ဒေပ ဝေဏီမှာလည်း ခိုး သူဟု၍ပို့ဆက်လာလျှင်ဝိနိစ္ဆယအမတ် တို့စစ်၍ခိုး သူမဟုတ်လျှင်လွှတ်သည်။ ခိုး သူထင်လျှင်မည်သို့မဆို ဝေါဟာရိကအမတ်ကြီး တို့ သို့၊ ဝေါဟာရိကအမတ်ကြီး တို့ကအန္တောကာရိကအမတ်ကြီး တို့သို့၊ အန္တောကာရိကအ မတ်ကြီး တို့ကအဋ္ဌကုလိကအမတ်ကြီး တို့သို့၊ အဋ္ဌကုလိကအမတ်ကြီး တို့က သေနာပတိတို့သို့၊ သေနာပတိကအိမ် ရှေ့မင်း သို့၊ အိမ် ရှေ့မင်း ကမင်း ဧကရာဇ်သို့အပ်သည်။ စိစစ် ၍ခိုး သူမဟုတ်လျှင်လွှတ်သည်။ ခိုး သူဟုတ်လျှင်အစည်ပ ဝေဏီစီရင်တမ်း စာကိုဘတ် စေ သည်။ စီရင်တမ်း စာတွက်နှင့်နှိုင်း ယှဉ်၍အပြစ်နှင့် လျော်စွာစီရင်သည်။ ကမ္ဘာဦး ကလည်း ခိုး သူလက်ဦး စ၍ ပေါ်သည်။ ခိုး သူတို့ကိုစီရင်သည့်ထုံး ဥပ ဒေမှာ စပါး

လေးလုံး လျှင်တချင်ရွေး ၊ နှစ်ချင်ရွေး လျှင်ထဲ၊ ၅ပဲလျှင်တမတ်၊ ငွေစင်ထိုက် သည့်ဥစ္စာကိုခိုး လျှင်မောင်း မဲဆဲရေး ထိုက်သည်၊ နှောင်ဖွဲ့ထိုက်သည်၊ ပြည်ကနှင် ထုတ်ထိုက်သည်၊ သတ်ထိုက်သည်၊ သူသေသို့သွား ရာ တောင်မျက်နှာထံခါး သို့ထုတ်အပ် သည်၊ ထုံး ထမ်း ရှိသည်၊ ခိုး သူဆိုကလည်း ပြည်ဆူး ပြည်ညှောင့်သာဖြစ်သည်၊ နေ ပြည်တော်မှစ၍နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ များ မှာသူခိုး သူဓားပြ မပေါ်မထွက် စေနှင့်၊ ပေါ်ထွက်လျှင်စစ်ကြော၍ခိုး သူမှန်လျှင်စစ်ဝတ်ကြေးငွေ ပဏ္ဏာ လျှော်ပြစ် လျှော် ဒဏ်မရှိ စေနှင့်၊ အကြိမ်နည်း များ အမှုကြီး ငယ်ကို ထောက် ၍ရာဇဝတ်အလျောက်သာ စီရင်၊

၄၊ ၊ထီး ရုံနန်း ရုံစော်ဘွား စော်ကန်တို့စီရင်စုမြို့ ကျေး ရွာရာဇဝတ်မှုကို အပ်၍မြို့စား မြို့ဝန်ထား မြဲမြို့ ကျေး ရွာ များ ပြင်အရပ်ရပ်မြို့ ကျေး ရွာ များ မှာ သူခိုး ပေါ်ထွက်ဘမ်း မိလျှင်သူကြီး ကလန်မြို့ကိုင်ရွာကိုင်တို့စစ် ကြော၍မှန်လျှင်ရာ ဇာ ဒဏ်ရာဇဝတ်နှင့်စပ်သမှုကိုသူကြီး ကလန်မြို့ကိုင်ရွာကိုင်တို့အလျောက်မစီရင် စေနှင့်၊ ဆိုင်ရာမြို့စား ရွာစား ဝန်စာရေး တို့ကိုအပ်စေ၊ မြို့စား ရွာစား ဝန်စာရေး တို့ကလည်း ရုံး တော်သို့အပ်စေ၊

၅၊ ၊ခိုး ခြင်း အပြား ၂၅ပါး ရှိသည်၊ အလေး စည်း လဲ တောင်း စည်း လဲအသ ပြာစည်း လဲပြု၍ ရောင်း ဝယ်ခြင်း လည်း ခိုး ခြင်း ၂၅ပါး အဝင်ဖြစ်သည်၊ အ လေး တောင်း တင်း မမှန်မကန်မသုံး မစွဲမရောင်း မဝယ်စေနှင့်၊ ကျမ်း ဂန်ထုံး စံနှင့်အညီငါသမုတ်ပိုင်း ခြား ထား တော်မူသည့်အလေး တောင်း ထင်း အတိုင်း သာသုံး စွဲ ရောင်း ဝယ်ကြ စေ၊

၆၊ ၊ငွေဆိုး ငွေကြမ်း အဆန်း အပြား မမှတ်မလုတ်မသုံး မစွဲစေနှင့်၊ ရွက်နီ မှန်ကိုသာမှတ်လုပ်သုံး စွဲကြ စေ၊

၇၊ ၊ပယ်နယ်အပိုင်း အခြား ကန်သင်း အမှတ်အသား ထား သည်များ ကို ပြောင်း လဲ စိုက်ထား ခြင်း မဟုတ်မမှန်တရား ပြု၍လုဆိုခြင်း များ လည်း ခိုး ခြင်း အဝင် ဖြစ်သည်၊ ပယ်မှုနယ်မှုငြင်း ခုံလုဆိုကြလျှင်ပကတိပယ်မင်း ပယ်နှစ်ရပ်အပိုင်း အခြား သေချာမှန်ကန် အောင် ကျောက်တိုင် ကျောက်မှတ်နှင့်စိုက်ထား ၍ ရှိ လေပြီး သည်၊ ထား သည့်ပယ်ပုံပယ်မှတ်နှင့်အညီတိုင်း တာ၍ ပေး စေ၊

၈။ ။ဆုံးဖြတ်မပြီးနိုင်သည့်ကလဟဝိဝါဒကိုများ ရာလိုက်ရသော ယေဘုယျသိသက်၊ မသန့်မစင်သည်ကိုဖြက်ဖုံး သကဲ့သို့ပြုရသော တိဏဝတ္ထာရကကံပြု၍ငြိမ်း စေရမည်။ မြို့ရွာပယ်နယ်စီရင်စုအငြင်း အခုံလုဆိုကြလျှင်လည်း အလိုရှိရာဆိုတိုင်း လိုက်ရတော့ မည်မဟုတ်၊ ၁၁၄၅ ခုနှစ်နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာစီရင်နက်ပယ်နယ် စာရင်းကိုစစ်ကြောဆက်သွင်း ရှိလေပြီး သည့်စာရင်း ဝင်သည့်အတိုင်း သာဖြစ်စေ။

၉။ ။တမြို့နှင့်တမြို့တရွာနှင့်တရွာစာရင်း ပေး နယ်ပယ်အရှက်အတင်ထပ်မိကြ သည်များ မှာအမှန်အတန်စီစစ်၍အရှက်အတင်မရှိ စေနှင့်။ ခြား နား သိသာ အောင်စီရင်၊ အရှက်အတင်ထပ်မိကြသည့်စာရင်း ကိုလည်း ပြင်စေ။

၁၀။ ။အသည်အလာအစုအဝန်း ဘုရား ကျွန် ကျောင်း ကျွန်စုနိမ့်စုမြင့်ခြား နား သီး သန့်စာရင်း ပေး သွင်း ဝင်သူတို့မှာလည်း တစုနှင့်တစုကူး သန်း ရှက် တင်၍မထမ်း မရွက် စေနှင့်၊ စာရင်း ပါသည့်အတိုင်း သာဆိုင်ရာထမ်း ရွက် စေ၊ စာရင်း ပါဝင်သူတို့သား မြေး မှာလည်း စာရင်း ပါဝင်သည်မဆို စေနှင့်၊ အစု ရင်း ဆိုင်ရာသာထမ်း ရွက် စေ၊ လူတကိုယ်ကိုအစုစာရင်း ပေး ထပ်မိသည်မှာအ သည်သူကြီး တို့ ပေး သည့်စာရင်း အတိုင်း တည် စေ။

၁၁။ ။ဘုရား ကျွန် ကျောင်း ကျွန်များ မှာအသည်အစုစာရင်း ပါဝင် သော်လည်း မင်း ကျွန်မင်း လူနှင့်မ ရော မရှက် စေအပ်၊ မှန်ရာစစ်၍ထမ်း ရွက် စေ၊ မြို့ရွာ ပယ်နယ်အတွင်း အမှုထမ်း အစုသား တို့ကို ပေး ချသည့် မြေမှာလည်း လုပ် မြေ ပေး လျှင်လုပ် စေ၊ နေ မြေ ပေး လျှင် နေ စေ၊ ဆိုင်ရာအမှု(ထမ်း)ကိုစုထိန်း စုရှင် တို့ကခန့်ထား ရာထမ်း ရွက် စေ၊ အပေါ် ဝန်မှုမှာမြို့စား ရွာစား သူကြီး မြေ တိုင်တို့ကစီရင် တောက်ခံ စေ၊ ပေး ချသည့်လုပ် မြေ နေ မြေတွင်အစုရင်း သား တို့ ကမဟုတ်အခြား သူတို့ဝင် နေသည်ကိုလည်း ဆိုင်ရာသူကြီး မြေတိုင်တို့ကသာစီရင် စေ၊ စား မြေ ပေး သည်မှာအဘို့အခွန်အပေါ် ဝန်မှတပါး အခြား မှုများ ကိုဆိုင်ရာ ခန့်ထား စီရင် စေ။

၁၂။ ။မင်း မိဘုရား သား တော်သမီး တော်တို့မှာလည်း အမှုထမ်း ကျေး ကျွန် သင်း ပင်း အင်တန်လုံ လောက် အောင် ပေး သွဲ့သနား တော်မူ၍ ရှိ လေပြီး သည်။

ပေးဘွဲ့တော်မူသည့်စာရင်း ဝင်လူတို့ပြင်အခြား သူတို့နိုကပ်ထမ်း ရွက်လျှင်အမှု ငြိမ်း နိုင်မည်မဟုတ်၊ မကပ်မနိုမဝင်မထမ်း စေနှင့်၊ စာရင်း ပေးဘွဲ့သနား တော်မူသည့်လူတို့သာထမ်း ရွက်စေ၊

၁၃၊ ၊ စော်ဘွား တို့စီရင်နက်နယ်ပယ်အတွင်း မြို့စား ထပ်ပေါင်း စား တို့မှာအသီး အခြား မထမ်း မရွက်စေနှင့်၊ စော်ဘွား တို့ကဆင့်ဆိုခန့်ထား ရာသာ နာခံထမ်း ရွက်စေ၊

၁၄၊ ၊ ဝန်တို့ကဆင့်ဆိုခန့်ထား ရန်ရှိလျှင်လည်း မြို့စား တို့ကိုသီး ခြား ၍မခန့်ထား နှင့်၊ စီရင်စုမြို့ ကျေး ရွာနှင့်အင်တန် (အောင်) စော်ဘွား တို့ကိုသာတဝ တည်း ဆင့်ဆိုခန့်ထား ၊ ဝန်တို့ကဆင့်ဆိုသည့်အမှုကို ထောက်၍သာ စော်ဘွား တို့ကဆိုင်ရာမြို့စား တို့ကိုဆင့်ဆိုခွဲဝေခန့်ထား စေ၊

၁၅၊ ၊ ကေသရာဇာခြေသံ့မင်း နှင့် မြေခွေး မရှက်တင်၍ မွေး မြင်သည့်သား ငယ်သည်အသွင်အပြင်အရုပ်သဏ္ဍာန်သာခြေသံ့စစ်ကဲ့သို့ရှိ၍အသံ မြေခွေး သံထွက်သည်၊ ကျီး ဖိုနှင့်ကြက်မရှက်တင်ကြ၍ မွေး မြင်သည့်သား လည်း ကြက်သံတွန်လျှင်အာ အောက်ကလိ၊ ကျီး သံတွန်လျှင် အောက်ကလိအာ၊ ကြက်သံမရောက်ကျီး သံမရောက် မိဘတို့ဇာတိ သဘော (မ) တူကြ၍အမျိုး မသန့်ရှိသည်၊ လူတို့မှာလည်း အမျိုး ယုတ်မြတ်စုနိမ့်စုမြင့် သင့်နေကြလျှင်အမျိုး အစုမသန့်ရှိမည်ဖြစ်သည်၊ ယောကျ်ား မိန်း မအမျိုး ယုတ်မြတ် စုနိမ့်စုမြင့်မတူသည်ကိုမသင့်မနေ စေနှင့်၊ အမျိုး အစုရည်တူခြင်း သာသင့်နေ စေ၊

၁၆၊ ၊ အမိသူကျွန်အဘအလွတ်သူသား မိဘနှစ်ဦး ကျွန်ဖြစ်သသူသား ဖြစ်လျှင်ရဟန်း မပြုအပ်၊ အမိအလွတ်သူအဘသူကျွန်ဖြစ်သူသား မိဘနှစ်ဦး အလွတ်သူသား ဖြစ်လျှင်ရဟန်း ပြုအပ်သည်ကို ထောက်၍အမိသို့သာလိုက်အပ်သည်၊ အဘသို့မလိုက်အပ်၊ ဘုရား ကျွန်နှင့်ကျောင်း ကျွန်သင့်နေ၍ မွေး မြင်သည့်သား သမီး တို့မှာအမိဘုရား ကျွန်ဖြစ်လျှင်ဘုရား သို့ပါစေ၊ ကျောင်း ကျွန်ဖြစ်လျှင် ကျောင်း သို့ပါစေ၊ (မင်း ကျွန်မင်း လူစုနိမ့်စုမြင့်သင့်နေ၍ မွေး မြင်သည့်ဘုရား ကျွန် ကျောင်း ကျွန်တို့နှင့်သင့်နေ၍ မွေး မြင်သည့်သား သမီး တို့မှာမိလိုက်ဘပါစီရင်လျှင်အမျိုး အစုခြား နား သန့်ရှင်း နိုင်မည်မဟုတ်အစုနိမ့်ရာသာပါစေ)၊ သွေး ယောက်စုမြင်း စုအသည်စုအစုကွဲ ယော်လည်း အရည်တူကြသည့်အစုများ မှာမိန်း မလိုက်မိန်း မပါယောကျ်ား လိုက်

ယောကျ်ား မိဖြစ်စေ၊

၁၇။ ။လယ်ယာကိုင်း ကျွန်း အပ်၍ အိုင်ဆည် မြောင်း လုပ်ဆောင်ကြသည်မှာလည်း အဘိုး အခွန်ကိုကျူး လွန်သာပို၍ မရေး မစစ်သိမ်း ခံခြင်း ခွန်ပေး ခွန်ချင်တို့က ပယ်နယ်(နည်း များ)အတွက်အရကိုယုတ် လျော့၍ ပေး ခြင်း များ လည်း ရှိ ခြင်း အဝင်ပင်ဖြစ်သည်၊ အဘိုး အခွန် ရေး စစ်သိမ်း ခံသူတို့လည်း ကျူး လွန်သာပို၍ မရေး မစစ်မသိမ်း မခံ စေနှင့်၊ လုပ်သား ခွန် ပေး ခွန်ချင်တို့ကလည်း ပယ်နယ်အတွက်အရကိုယုတ် လျော့၍ မပေး စေနှင့်တင်း ချင့် တောင်း ချင့်နှင့်စပ်သမျှမှာဆတ်တင်းတတင်း၊ ချိန်ဝန်နှင့်စပ်သမျှမှာ ဝလျှင်ဘကျမှန်ကန် အောင် ရေး စစ်သိမ်း ခံပေး ချင့်ကြ စေ၊ အသီး အရွက်အဘိုး အခွန် ရေစစ်ရ ကောင်း သမျှမှာ မှန်ကန် စေ့ငု အောင် ရေတွက်မှတ်သား နိုင် တော့မည်မဟုတ်၊ လုပ်နက်အတွက်အရကိုအ တော်အသင့်ရမ်း ရေတွက်ဆ၍သာ ဆယ်ဘိုတဘိုဆယ် စုတစုကျ ခံ စေ၊ အဘိုး ကိုသာ ခံလို ပေးလိုလျှင်မြို့ရွာ ဒေသကာလ ဈေး နှုန်း မျှရာတွက်ချက်၍ ခံ စေ၊ ပေး စေ၊ ပယ်နယ်သာရှိ၍ မလုပ်မစား ရ၊ အပင်သာရှိ၍အရွက်အသီး မသုံး မစား ရ၊ အတက်အရမရှိသည်ကိုမ ရေး မစစ် စေနှင့်၊ စီး ပွါး မဖြစ် လောက်သုံး ဂုံစား ဂုံလုပ် ဆောင် စိုက်ပျိုး သည်ကိုလည်း မ ရေး မစစ် စေနှင့်၊

၁၈။ ။ဘိက္ခုနီမတို့စပါး စိမ်း တောင်း ခံ၍သာ ဝတ်ပြည်မြို့တံခါး အဝင်တွင်အခွန် ပေး ရ လေသည်၊ မင်း တို့ထား သည့်ကင်း ကိုလွန်လျှင်လည်း ပေး အပ်သည်၊ ကင်း ခွန်နည်း များ အ လျောက်ရဟန်း တို့မှာအပြစ် ရောက်သည်၊ သတိမရှိလျှင်အပြစ် မကင်း မလွတ်ရှိမည်ဖြစ်သည်၊ မြို့တံခါး အတွက်အဝင်ကင်း ကူး တို့များ မှာ ရဟန်း သဃာနှင့်စပ်သည်ကိုအဘိုး အခွန်မ တောင်း မခံ စေနှင့်လွတ် စေ၊

၁၉။ ။အစဉ်တင်း ထား မြဲကိုမထား လျှင် ရှေး ပညတ်ကိုဖျက်သည်၊ ထား မြဲမ ဟုတ်သည်ကိုထား လျှင် မယုတ်တန်သည်ကိုယုတ်သည်ဆိုသည်၊ အစဉ်ထား မြဲမဟုတ်သည်ကို တိုး ပွါး ၍ မထား စေနှင့်၊ ထား မြဲထုံး စံရှိသည်မှာသာထား စေ၊ တိုး ပွား၍ ထား သည့်ကင်း များ ကိုသိမ်း ၊ မြို့တံခါး အတွက်အဝင်ကင်း ကူး တို့ဆိပ်(တည်)ပွဲ များ မှာလည်း အဘိုး အခွန်ကိုအကျူး အလွန်မခံ စေနှင့်၊ ရှေး ထုံး စံရှိသည်အ တိုင်း သာ တောက်ခံ စေ၊

၂၀။ ။သီရိဓမ္မာသောကမင်းကြီး လက်ထက်တရားသဘင်တတနေ့တသိန်း ရသည် ဆိုသည်၊ ဖွဲ့နှစ်ခုငါးကြင်းကြီး တကောင်ရသည်ကိုမဝေနိုင်၍ မြေခွေးကိုအဝေထည့် သည်၊ ငါးကိုသုံးပိုင်းပိုင်း၍ပြီး လျှင်ခေါင်းနှင့်အမြီးနှစ်ပိုင်းကိုဖွဲ့နှစ်ခုတပိုင်း စီပေး၍အလယ်ပိုင်းကိုငါတရားသူကြီးထိုက်သည်ဟုယူလေသောကြောင့်ဖွဲ့နှစ်ခုတို့ ငါးကြင်းသားအလယ်ပိုင်းဆုံးပါး လေသကဲ့သို့လူတို့မှာလည်းငြင်းခုံခိုက်ရန်ဖြစ် ၍တရားဆုံးဖြတ်သည့်အရှင်စိုးမင်းထံရောက်လျှင်ရှုံးသူကရှုံး ဒဏ်၊ နိုင်သူအောင် ဘိုးနှစ်ဦးသားပင်ဥစ္စာအကုန်အကျအရစီရင်ကြသည်မှာလည်း ဒဏ္ဍဇယဘာဂရှုံး ဒဏ်အောင်ဘိုးမင်းတို့အဘို့အရာအခွန်ပင်ဖြစ်သည်၊ အကျိုးအလွန်ခံယူတရားနှင့် မညီဖြစ်သည်၊ တရားကွမ်းဘိုးအကျအရကိုအကြူးအလွန်မခံစေနှင့်၊ ဆုံးဖြတ်၍ပြီး သည်အမှုသဘောတူပြီးသည့်အမှုများမှာပေးယူကြသည့်ဥစ္စာကိုထောက်၍ဆယ်ဘို့တဘို့ (ဆယ်စုတစုသာခံယူစေ)၊

၂၁။ ။တရားဆုံးဖြတ်စီရင်သည်မှာလည်း ရောက်သည့်အမှုခပ်သိမ်းတို့နှင့် တိုက်ဆိုင်မိအောင်ဓမ္မသတ်ဖြတ်ထုံးစီရင်ထုံးရှိနိုင်မည်မဟုတ်၊ ဆိုသည်စကားပြုသည် အမှုနှင့်လျော်အောင်စီရင်ခြင်းသာအသင့်ဖြစ်သည်၊ ဘုရားအလောင်းတော် မဟော်သဓာသူခမိန်စီရင်သည်လည်းအမှုသည်နှစ်ဦးတို့စကားကိုထောက်၍သာ မှန်အောင်စီရင်သည်၊ အာဒါသမုခမင်းလည်း ဂါမဏိစန္ဒငှါးသည့်နွားကိုနွား ရှင်(မြင်စဦ)ပို့လျှောသည်ကိုမြင်လျက်မမြင်နွားရှင်ပျက်ကွယ်သောကြောင့်မျက်စိ ကိုဖောက်၊ မြင်းရှင်ကလည်းမြင်းကိုပစ်ချောက်လိုက်ပါဆိုလျက်မဆိုမြင်းရှင်ပျက် ကွယ်သောကြောင့်လျှာကိုလှီး၊ နွားရှင်မြင်းရှင်တို့နှုတ်ထွက်အလိုက်သာစီရင်သည်၊

၂၂။ ။ယောကျ်ားတယောက်ဆန်တကွန်းစားထမင်းတထုပ်အသပြာတထောင် နှင့်မြစ်သို့ကူးသည်၊ မြစ်လယ်သို့ရောက်လျှင်မကူးနိုင်သောကြောင့်ကယ်ဆယ်နိုင်သူ ကယ်ဆယ်ပါငါ့တွင်ပါသည့်ဥစ္စာခုရပ်တွင်ငါနှစ်သက်ရာပေးပါမည်ဆိုသောကြောင့် ယောကျ်ားတယောက်ကယ်ယူ၍ကယ်ဆယ်ခေါင်းရွက်ဆန်တကွန်းစားကိုသော်လည်း ယူထမင်းထုပ်ကိုသော်လည်းယူပေးသည်တွင်အသက်ကိုစွန့်၍ကယ်ဆယ်ရသည်ငါမယူ ငါနှစ်သက်ရာပေးမည်ဆိုသည့်အတိုင်းပေးပြီ၊ ယူလိုလျှင်ယူ၊ အငြင်းအခုံဖြစ်ကြ သောကြောင့်တရားသဘင်သို့ရောက်ကာလဓမ္မဝိနိစ္ဆယအမတ်တို့တနှစ်သက်ရာ

ပေးမည်ဆိုသည့်အတိုင်း ပေးသည်ကိုယူစေဆုံးဖြတ်ကြသည်ကိုကယ်ဆယ်သူစိတ်မကျေ၍ စုန္ဒကီဖြဟ္မဒတ်မင်း ရှေ့ရောက်လျှင်လည်း ကယ်ဆယ်သူကိုပင်အရှုံးပေးဘူး လေသည်၊ တရားမမှန်သောကြောင့်မယ်တော်စလာက ဒေဝီက ရေမျောယောကျ်ားကို ခေါ်၍သင့်လက်တွင်ပါသည့်ဥစ္စာခုရပ်ကိုစီထား၍သင်ကြိုက်ရာ ကောက်ဆိုလျှင် ထောင်ထုပ်ဥစ္စာကို ရေမျောယောကျ်ား ကောက်ယူလေသည်၊ သင်ကြိုက်၏လော မေးလျှင်လည်း ကြိုက်ပါ၏တုဆိုသည်၊ ငါကြိုက်ရာပေးမည်ဆိုသည့်အတိုင်း သင်ကြိုက်သည့် ဥစ္စာအသပြာတထောင်ကိုကယ်ဆယ်သူကိုပေး စေစီရင်သည်လည်း ရေမျော ယောကျ်ား စကားနှုတ်ထွက်အလိုက်သာစီရင်လေသည်၊

၂၃၊ ၊ ဗိမ္ဗသာရမင်း၏သူရဲသူခက်တို့ရဟန်းပြုသောကြောင့်အမှုထမ်းမင်းခ ယောကျ်ားတို့ကိုရဟန်းပြုလျှင်အပြစ်မည်သို့ထိုက်သည်တရားသူကြီးတို့ကိုမေးရာ ဥပဇ္ဈာယ်ဆရာဥ ကျွောင်းကိုဖြတ်အပ်သည်၊ ကမ္မဝါဆရာလျှာကိုလှီးအပ်သည်၊ ကာ ရကသင်္ဃာတို့နံရိုး (ကို) ချိုးအပ်သည်ဟုလျှောက်ကြသည်၊ သို့လျှောက်ခြင်းလည်း စီ ရင်ထုံးရှိသောကြောင့်မဟုတ်၊ ရဟန်းပြုသည့်အမှု၌ဥပဇ္ဈာယ်ဆရာကြီး ခေါင်း တည်ဖြစ်သည်၊ ကမ္မဝါဆရာလျှာနှင့်လူးလည်ဘတ်သည်ရှတ်သည်၊ ကာရကဂိုဏ်း (အုပ်) သင်္ဃာတို့နှစ်တောင်ထွာဟတ္ထပတ်မကွာနံပါးခြင်းမှီ၍တာယသာမဂ္ဂဖြစ်အောင် စည်းဝေးနေထိုင်ကြသည်ကိုထောက်၍သာလျှောက်လေသည်၊

၂၄၊ ၊ သို့ဖြစ်သောကြောင့်ဥစ္စာနှံ့မနှံ့ချေးမချေးအပြင်းအခုံဖြစ်ကြ၍မနှံ့ မချေးသည်မှန်လျှင် (စွတ်တိုင်း) လျှော်စေ (နှံ့သည်ချေးသည်မှန်လျှင်တန်ဘိုးလျှော် စေ) စီရင်သကဲ့သို့အမှုသည်တို့ထွက်ဆိုသည့်စကားအလိုက်စီရင်တန်သည်ကိုစီရင်၊ မပြု အပ်မပြုကန်သည်ကိုပြုလျှင်လည်း မည်သည့်လူအကြီးခေါင်းတည်ဖြစ်သည်မည်သည့်သူငယ်သား နောက်လိုက်ဖြစ်သည်မည်သည့်သူနှုတ်နှင့်စီမံဆော်ဘန်သည်မည်သည့်သူလက်နှင့်လုပ်ကိုင် ဆောင်ရွက်သည်မည်သည့်သူသဘောတူအပေါင်းအဘော်မျှသာဖြစ်သည်ကိုထောက်၍စီ ရင်၊

၂၅၊ ၊ စကားမမှန်ရှုတ်ယှင်းပျက်ကွယ်ခြင်းသည်အပြစ်ကြီးစွာရှိသည်၊ အပြင်း အခုံတရားစကားနှစ်ဦးသားတို့ဆိုကြသည်မှာမှန်သည်ကိုသာဆိုစေ၊ မဟုတ်မမှန် ပျက်ကွယ်လျှင်ပျက်ကွယ်သည့်စကားကိုထောက်၍အပြစ်ဒဏ်စီရင်၊ ဆိုကြသည့်အမှုမှာလည်း

စစ်၍တရား နှင့်အညီထိုက်ရာစီရင်၊ သက်သေပြနှစ်မေး လျှင်လည်း ဖြစ်သည့်အမှုကိုအဆုံး အစကုန်စင် အောင်အမှန်အကန်သက်သေခံသူ ပြောဆိုစေ၊ တုတ်နှင့်ပစ်သည်ကိုမမြင်အုတ်ကျောက်နှင့်ပစ်သည်ကိုမြင်၏သွက်ဆိုလျှင်တုတ်နှင့်ပစ်သည်စွဲချက်ရှိသော်လည်း သက်သေထွက်ချက်အတိုင်း အုတ်ကျောက်နှင့်ပစ်သည့်အဖြစ်ကိုစီရင်၊ တုတ်နှင့်ပစ်သည့်စွဲချက်ရှိသည်တူ၍အရှုံး မစီရင်နှင့်၊

၂၆။ ။ (သူသေအောင်ကိုသေအောင်)ဖြတ်ခြင်း သတ်ခြင်း ဒဏ်ထိုက်သည့်သူတို့ကိုတောင်မျက်နှာတံခါး သို့ထုတ်မြဲအစဉ်ထုံး ရှိသောကြောင့် ယေနဒက္ခိဏဒွါရေန ပေတဝွဇ္ဈံ ပိသုဏာ၊ ပါဏာတိပါတိ တောလုဒ္ဒါ၊ စောရာ နေကဋ္ဌကဇနာ၊ ယေနဒက္ခိဏဒွါရေနအကြင် တောင်မျက်နှာတံခါး ဖြင့်၊ ပေတာ၊ သူသေတို့ကိုငှင်း ၊ ပိသုဏာ၊ ချောပစ်သောသူတို့ကိုငှင်း ၊ (ပိဋ္ဌိမံသိကာ၊ သူ့ကျောက်ကုန်း သား ကိုစား သကဲ့သို့ပြုကျင့်သောသူတို့ကိုငှင်း)၊ ပါဏာတိပါတိတော၊ သူကိုအသေသတ် သောသူတို့ကိုငှင်း ၊ လုဒ္ဒါ၊ ဆိုး သွမ်း ကြမ်း ကြုတ် သောသူတို့ကိုငှင်း ၊ စောရာ၊ ခိုး သူတို့ကိုငှင်း ၊ နေကဋ္ဌကဇနာ၊ စည်း လဲလှယ် ပေါ်သောသူတို့ကိုငှင်း ၊ နီဟရိယန္တိ၊ ထုတ် လေကုန်ဟူ၍၊ ဝဇ္ဈံ၊ ဆိုအပ်ကုန်၏၊ ဟူ၍ဆိုသည်၊ သူကို ချောပစ် သောသူတယောက်၊ သူ့ကျောက်ကုန်း သား ကိုစား သကဲ့သို့ပြု သောသူတယောက်၊ သူကိုအသေသတ် သောသူတယောက်၊ ဆိုး သွမ်း ကြမ်း ကြုတ် သောသူတယောက်၊ ခိုး သူတယောက်၊ စည်း လဲလှယ် ပေါ် သောသူတယောက်၊ သည် ခြောက် ယောက်သား တို့သည်သူသေတို့ထုတ်ရာ (တောင်)တံခါး သို့ထုတ်အပ် သောသူဟူ၍မှတ်၊

၂၇။ ။ သို့မှတ်ပြီး လျှင် ခြောက် ယောက်တွင်မည်သည့်သူအဝင်ဖြစ်သည်ဟူ၍ မှတ်၊ သို့မှတ်ပြီး မှ ချောပစ်သူအမှုမှာတ ယောက် (နှင့်)တ ယောက်အချစ်ပျက်ခြင်း မုန်းခြင်း ဖြစ်ရုံသာ ချောပစ်သည် လျော်ပစ်ဖြတ်ပစ်သတ်ပစ် ရောက် အောင် ချောပစ်သည်များ ကိုစီစစ်၍အပြစ်အ လျောက်စီရင်၊

၂၀။ ။ ချက်ကွယ်သူကိုချုတ်ချပြစ်တင်ကဲ့ရဲ့သောသူ၊ တံတိုး စား ၍တရား ပမှန်စီရင်သောသူတို့အား သူ့ကျောက်ကုန်း သား ကိုစား သောသူဟူ၍ဆိုသည်၊ မျက်ကွယ်ချုတ်ချပြောဆိုသည့်စကား ကြီး သည်ငယ်သည်တံတိုး စား ၍ စီရင်သောအမှုကြီး သည်ငယ်သည်စား သည်တစိုး များ သည်နည်း သည်အ သေသတ်သည့်အမှုမှာလည်း အပြစ်မရှိ၊

သေစေလိုသည့်စိတ်နှင့်သတ်သည်၊ သူရန်ပြုလာသည်ကိုဆီး ကာရာတွင်တဆုံး တခက် ထိပါး၍ သေသည်၊ သူကို စေ၍သတ် စေသည်၊ ကိုယ်ပင်သတ်သည်၊ သတ်တွင်း ပင် သေသည်၊ နောက်မှ သေသည်၊ ဆိုး သွမ်း သည့်အမှုမှာလည်း လျော်ပစ်ထိုက် အောင်ဆိုး သွမ်း သည်၊ ကြီး ကြိမ်ထိုက် ခြေကျည်း ထိုက် အောင်ဆိုး သွမ်း သည်၊ ဖြတ်ပစ်ထိုက် အောင်ဆိုး သွမ်း သည်၊ သတ်ပစ်ထိုက် အောင်ဆိုး သွမ်း သည်၊

၂၃၊ ၊ ခိုး မှုမှာလည်း ခိုး ခြင်း အပြား ၂၅ပါး ပင်ရှိသည်၊ တရား ပြု၍ခိုး သည်၊ (ဆောင်ယူသွား သည့်ဥစ္စာကိုခိုး သည်)၊ အပ်နှံထား သည့်ဥစ္စာကိုခိုး သည်၊ အလေး စဉ်း လဲ တောင်း စဉ်း လဲပြု၍ ခိုး သည်၊ (အသပြာ စဉ်း လဲပြု၍ ခိုး သည်)၊ ပယ်နယ်အမှတ်အသား ကန်သင်း ပြောင်း ၍ခိုး သည်၊ သူအိမ်ရာဟိုက်စပ်နံ့ရံထက် ဘောက်၍ ခိုး သည်၊ ရွာကိုဖျက် သော ဂါမဃာတက ခိုး သူဖြစ်သည်၊ (နိဂုံး ကိုဖျက် သော နိဃမဃာတက ခိုး သူဖြစ်သည်)၊ ခရီး ခွဲလုယက်ဖျက်ဆီး သော ပရိဘဏ္ဍာ ခိုး သူဖြစ်သည်၊ မင်း ဖြစ်ကြံ သော ဒါမရိက ခိုး သူဖြစ်သည်၊

၃၀၊ ၊ စည်း လဲလျှပ် ပေါ်သည့်အမှုမှာလည်း မြို့ရွာအရပ်နှင့်စပ်၍ စည်း လဲလျှပ် ပေါ်သည်၊ သူတပါး အကျိုး စီး ပွါး မဲ့နှင့်စပ်၍ စည်း လဲလျှပ် ပေါ်သည်၊ စည်း ချိန် ရောင်း ဝယ်ချင်း နှင့်စပ်၍ စည်း လဲလျှပ် ပေါ်သည်များ ကို ထောက်၍ စီရင်၊

၃၁၊ ၊ သူကို ချောပစ်သည့်အမှုမှာ မာဃလုလင်တို့သုံး ကျိပ်သုံး ယောက်သား တို့အပစ် မရှိဘဲလျက်ရွာကိုဖျက် သော ခိုး သူဟုရွာစား မျှောပစ် လျှောက်ထား သော ကြောင့် မစီမစစ်ဆင်နှင့်နင်း စေသည်၊ ဆင်အလဲလဲမနင်း ဝံ့ရှိသည်တွင်မှစစ်၍အဟုတ်အမှန်သိလျှင်သက်ရှိသက်မဲ့ဥစ္စာနှင့်ရွာစား ကိုကျွန်ပြုတော့ပေး လေသည်၊ ဆင်နှင့် ရွာကိုလည်း ပေး သည်၊ ရွာစား ချောပစ်သည်မှာ သေပြစ် ရောက် အောင် ချောပစ်သည် (ဖြစ်၍) သက်ရှိသက်မဲ့ဥစ္စာနှင့်ရွာ (စါး) ကိုပင်သူကျွန်ဖြစ်၍ဆုံး ရှုံး ခြင်း ရောက်သည်၊ ရွာလက်လွှတ် လေသည်၊

၃၂၊ ၊ သိန်း ၊ ဒေဝိန်း ၊ ကာမိန်း ၊ ပကုတ်တို့လေး ယောက်လည်း မဟော သဓောကိုမင်း ၏ရန်သူဖြစ်သည်ဟု၍ ချောပြစ် လျှောက်ထား သော ကြောင့်တကျင် သော်လည်း လျှိုဥ ကျွောင်း ကို သော်လည်း ဖြတ်စီရင်သည်၊ ကြီး မျက် မှောက်ချည်၍ ခရီး လမ်း ဆုံတိုင်း အချက်တ ထောင်ရိုက်နှက်ထုတ်ယူသည်ကို မဟောသဓာ တောင်း

ပန်လျှောက်ထားသောကြောင့်ကျွန်ပြုလေတော့ပေးသည်။ မဟော်သမော (တောင်းပန်လျှောက်ထားပြန်၍)ပြည်တနှင်ထုတ်လေစီရင်ပြန်သည်။ မဟော်သမောတောင်းပန်လျှောက်ထား(ပြန်)၍ထိုသူလေးယောက်တို့ရာတူးရမြို့ပြန်လေသည်ထုံးသက်သေများလည်းရှိသည်။

၃၃။ ။သူ့ကိုမရူးဘဲကိုရူးသည်။ မကျိုးဘဲကိုကျိုးသည်။ မကန်းဘဲကိုကန်းသည်။ နှင့်ရူးသလောနှင့်ကျိုးနှင့်ကန်းသလောစသည်ဖြင့်မေးသကဲ့သို့ဆိုသည့်စကားများမှာဒေဝဒတ်အလောင်းငါးမှားသမားမယားသည်အိမ်နီးချင်းတို့နှင့်ခိုက်ရန်ဖြစ်အောင်နားတဘက်မှာထန်းရွက်ကိုပန်၍မျက်စိတဘက်မှာအိုးမဲကွင်းလျှက်ခွေးငယ်ကိုသိုးကဲ့သို့ချီပိုက်၍အိမ်နီးချင်းရှိရာသွားသည်။ သူငယ်ချင်းမိန်းမတယောက်ကသူ့ရူးသလောဆိုသည်ကိုငါ့ကိုအရူးဆိုရမည်လောရှစ်သပြောဒဏ်ကျသည်ကိုယခုပင်မြင်ရတော့မည်ဆို၍ရှာစားထံတရားပြုသည်။ စစ်၍အဟုတ်အမှန်သိလျှင်နင်သာမပြုရာသည့်အမှုကိုပြု၍ခိုက်ရန်ဖြစ်အောင်ပြုသူဖြစ်သည်ဟူ၍တုတ်နှောင်ပြီးလျှင်ဒဏ်ကိုခံစေသည့်ထုံးစံများကိုထောက်၍မပြုတန်သည့်အမှုအရာကိုပြုသောကြောင့်ဆိုသူမှာဆိုသူအပြစ်မရှိပြုသူသာဒဏ်ကျခံစေ။ သူတပါးဆိုရအောင်မပြုဘဲကိုဆိုသည်မှာဆိုသူသာဒဏ်ကျခံစေ။

၃၄။ ။ရတနာသုံးပါးနှင့်စပ်၍မဆိုတန်ဆိုသည်။ အရှင်သူကြီးနှင့်စပ်၍မဆိုတန်ဆိုသည်များမှာဘုရားပရိနိဗ္ဗာန်ပြုလျှင်သုဘတ်ရဟန်းကြီးမဆိုတန်ဆိုသည်ကိုရှင်မဟာကဿပကြားတော်မူ၍သည်ရဟန်းကြီးကိုအဝတ်နှမ်းလဲပြီးလျှင်ပြာပက်၍နှင်ထုတ်အပ်သူဖြစ်သည်ဟုဆိုသောထုံးစံကိုထောက်၍စီရင်။

၃၅။ ။ခိုက်ရန်ဖြစ်အောင်ပြုလျှင်ရဟန်းတို့မှသံဃာအရုံအလုံးကနှင်ထုတ်အပ်သည်။ အချင်းချင်းခိုက်ရန်ဖြစ်အောင်ပြုကျင့်သသူကိုအရပ်နှင့်တန်လျှင်အရပ်ကရွာနှင့်တန်လျှင်ရွာကမြို့နှင့်တန်လျှင်မြို့ကနှင်။ စိတ္တသူကြွယ်ဆွမ်းလုပ်ကျွေးရာဆရာရှင်သုဓမ္မကြည့်ရှု၍ပြီးလျှင်စိတ္တသူကြွယ်နှမ်းဖြစ်မုန့်သည်ဖြစ်ဘူးသည်ကိုစွဲ၍ချိုချဉ်သနပ်စားဘွယ်ခဲဘွယ်အထူးထူးအပြားပြားစုံလင်ပေ၏နှမ်းပြစ်မုန့်တခုသာမပါဆိုသောကြောင့်ဆရာရှင်သုဓမ္မာကပင်စိတ္တသူကြွယ်ကိုကံ့တော့(ရ)ချေသည်။ သည်ကဲ့သို့သူကောင်းဖြစ်လေပြီးသသူကိုရှေးပြုသည့်အမှုအမျိုးအနွယ်ကိုစွဲ၍

ယုတ်နှမ်း လေအောင် စောင်း ရိပ်ပြောဆိုလျှင် နောင်မဝံ့ပါပြီဝန်ချ၍ပုဇော်ကံတော့စေ၊

၃၆၊ ၊ သူကျေးဇူးကိုမှီ၍ကြွယ်ဝချမ်းသာရှိလျက် ကျေးဇူးပြုသူဆင်းရဲရောက်သည်ကို ကျေးဇူးတုံ့မပြုသသူဖြစ်လျှင်ဗာရာဏသီပိဋ္ဌိယသူဌေး ဆင်း ရဲရောက်၍အဆွေခင်ပွန်း ဖြစ်သောရာဇဂြိုဟ်သင်္ခသူဌေး ထံရောက်လာရာသက်ရှိသက်မဲ့ဥစ္စာကိုတဝက်ခွဲ၍ ပိဋ္ဌိယသူဌေး အား ပေး သဖြင့်ကြွယ်ဝချမ်း သာရှိပြန် လေသည်၊ နောက်သင်္ခသူဌေး ဆင်း ရဲရောက်၍ ပိဋ္ဌိယသူဌေး ထံရောက်လာသည်ကို ကျေးဇူး တုံ့မပြုစပါး ဖျင်း (တကတုံ့ငွေ) မျှသာ ပေး သဖြင့်မင်း နား ကြား သည်တွင်အမတ်တို့နှင့်တိုင်ပင်၍ ပိဋ္ဌိယသူဌေး သက်ရှိသက်မဲ့ဥစ္စာအလုံး ကိုသင်္ခသူဌေး အား ပေး စေသည့်ထုံးစံအတိုင်း စီရင်၊

၃၇၊ ၊ မြောက်မထား မယား ခိုး မှုမှာ ပုဏ္ဏား အိုတ ယောက်မယား အဖို့အရွယ်ကို မြောက်မထား သည် မည်သသူဟူ၍အတတ်မသိ သော ကြောင့်ပုဏ္ဏား အိုကလည်း ခုနစ်ယောက်မယား ကလည်း ခုနစ် ယောက်တကျိပ် လေး ယောက် သော ပုဏ္ဏား တို့ကိုတ နေ့တ ယောက်စီ ဆွေ့၍ ရက်လည် အောင်ထမင်း ကျွေး မယား ခိုး ပုဏ္ဏား စုကရက်လည်အောင် နေ့တိုင်း ပါသည့်ပုဏ္ဏား ကိုမှတ်၍ ငါ့ကို ပြော သေနကသူခမိန်ဆိုသည်၊ ပုဏ္ဏား အိုလည်း ဆိုတိုင်း ကျွေး မွေး ၍ နေ့စဉ်ပါသည့်ပုဏ္ဏား ကိုမှတ်ပြီး လျှင် သေနကသူခမိန်ကို လျှောက်သည်၊ သေနကသူခမိန်လည်း ပုဏ္ဏား အိုမယား ပုဏ္ဏေး မနှင့်မယား ခိုး ပုဏ္ဏား ကို ခေါ် စေ၍ မယား ခိုး ပုဏ္ဏား ကိုမင်း ၏အာဏာရာဇဒဏ် ပေး ၍မြို့ကိုစည်လည် စေသည်၊ မြောက်မထား ပုဏ္ဏေး မကိုလည်း မင်း အာဏာရာဇဒဏ် ပေး သည်၊ (သေနကသူခမိန်စီရင်သည့်ထုံး စံရှိသည်)၊ မြောက်မထား မိန်း မကို ကြိမ်ရာဇဒဏ် ပေး ၊ မယား ခိုး ယောက်ျား ကို မောင်း ကျော်ပြီး လျှင်ရိုက်၍လွှတ်၊ (မောင်း ခတ်မြို့မဟုတ်သည်မြို့ ကျေး ရွာ များ မှာမြို့ရွာကိုလှည့်၍ ရိုက်နှက်၍လွှတ်)၊

၃၈၊ ၊ အမှုကို ထောက်လျှင်သူမယား ကိုခိုး ကြောင်ဖျက်ဆီး သူသည်သူ သေတို့သွား ရာတံခါး သို့ထုတ်အပ်သသူ ခြောက် ယောက်တွင်လူဆိုး လူသွမ်း သူခိုး အဝင်ဖြစ်သည်၊ ရှေး (မင်း)တို့လက်ထက် ငခြေတို့နှင့်မှား သည့်မိဖုရား ကိုရှုတ်သည့် တောင်း နှင့် (ငခြေတို့ကို) ဥကျောင်း ကမချနိုင် အောင်ခင်း နှောင် (၍) လွှတ်သည်၊

နန်းတွင်း၌ပစ်မှားသော မူးမတ်တို့ကိုတိုင်းပြည်ကနှင်သည်၊ အမှုကုန်တွင်၍ ကျေးဇူးရှိသသူဖြစ်လျှင်အပြစ်မပြုသီး ခံသည်များ မှာကိုယ်နှင့်စပ်သည့်အမှုလည်း ဖြစ်သည်၊ အစိုးရသည်ဖြစ်၍အလိုရှိရာဖြစ်ရသည်၊

တိုင်း အရှေ့နား ၊ ယင်း က တောင်ကိုစည်း ခုံ ဘုရား စေတင်း တန်း ရှေ့ခြ သို့
ဦး ၊ ယင်း က တောင်ကိုရွာ တောင် ကျောင်း မြောက်လမ်း မြောက်နား ၊ ယင်း
ကအ ရှေ့ကို ညောင်ပင်ကြီး အရှေ့တောင် ခြေရင်း မြောက်၊ ယင်း ကအ ရှေ့ကိုမြစ်
ဘိဝ်ကမ်း ဆိုက်၊ ယင်း က တောင်ကို ကျောက်အိုမကြီး နတ်ကွန်း စင်ကိုလက်ထွင်းယား
၍ နွား လား ဥသဘ ခြေရာ နိမိတ်သစ်စည်း ဝါး စည်း ကျောက်စု ကျောက်ပုံ မှတ်
သား သည့်အတိုင်း ကျောက်တိုင် ကောင်း မွန်နိုင်ခန့် အောင်အကြီး အကြပ်ခန့်ထား
၍ စိုက် ဆောက် စေ၊ တွင်း သင်း ငနိမဟာ စည်သူဆက်သွင်း သည့်ဆင်ဖြူတက်ဘုရား
ကျောက်စာထိုး မှတ်ရန် ကျောက်ကိုလည်း ထု ပုတ် စေ ကောက်အတိုင်း အထွာကို ပေး ၍
ထုလုပ် ရေး သား ပြီး လျှင်ကူနှင့် ကောင်း မွန် အောင်ထား စေ။

10 August. 1797

(သက္ကရာဇ်) ၁၁၅၉ ခုဝါခေါင်လပြည့်ကျော် ၃ ရက် နေ့ညနေ ခ စ မြောင်
မှုး ထွင်ပြန်။

(အမရပူရတင်မောင်ကြည် ပုရပိုက်မှ)

သာသနာ တော် ေ'ုး တိုင်း ရေး ပြည် ရေး မှုကို ဝန်ကြီး အတွင်း ဝန်မှူး တော် မတ် တော်ဆရာ တော်သံဃာ တော်တို့နှင့် ဆွေး နွေး တိုင်ပင် တော်မူသည်တွင် ဝန်ကြီး တို့ကိုအထင်အယူရှိသည်အတိုင်း ရှိနိုး သံ တော်ဦး တင်ရမည်အကြိမ်ကြိမ်အ မေး တော်ရှိသည်ကို ရှုနိုး သံ တော်ဦး မထင်မ လျှောက်ဖြစ်သည်၊ သတိုး ထိရိမ ဟာဥဇနာ၊ နေမျိုး သခ်ယာတို့ကိုလွှတ်သို့မတက်စေနှင့်။

11 August 1797

(သက္ကရာဇ်) ၁၁၅၉ ခု ဝါခေါင်လပြည့်ကျော် ၄ ရက် နေ့နာ ၁း ခ ကျော်ခွာ နော်ရထာတွင်ပြန်။

(အမရပူရတင် မောင်ကြည်ပုရပိုက်မှ)

သတိုး သီရိမဟာဥဇနာ၊ နေမျိုး သင်္ယာတို့ကိုအိမ်မှာမနေစေနှင့်၊ အိမ်က ဆင်း စေ၊ ဖေါင်း ဆလွယ်မှစ၍သနား တော်မူသည့်အစီး အနင်း အဆောင် အဆွတ်ကိုသိမ်း၍တိုက် တော်သို့သွင်း ။

12 August 1797

(သက္ကရာဇ်) ၁၁၅၉ ခုဝါခေါင်လပြည့်ကျော် ၅ ရက် နေ့နာ၁း ခ ဗေယ နေ၁ ရထာတွင်ပြန်။

(အမရပူရတင် မောင်ကြည်ပုရပိုက်မှ)

သား တော်ပခန်း မင်း သား သတိုး မင်း ရဲ ကျော် ခေါင်၊ သမီး တော် ရွှေ ကုမင်း သမီး တို့ကို ဒေဝဒဟ ကောလိယ ကပိလဝတ်ပြည်ကြီး နှိုက်သကျသာကီဝင် မင်း တို့ဝယ်တဝေး မပြား သကဲ့သို့ သက္ကရာဇ် ၁၁၅၉ ခုတပို့တွဲလပြည့် နေ့လက်ထပ် (31 January 1798) မင်္ဂလာ ဆောင် တော်မူမည်၊ ပုဂံမင်း [illegible]င်း ရွှေနန်း တို့ကိုထိမ်း မြား မင်္ဂလာ ဆောင် တော်မူသည့်နည်း စီရင်ရန် ရှိသည်များ ကိုပြီး ပြေ အောင် စီရင်။

သက္ကရာဇ် ၁၁၅၉ ခုတပို့တွဲလဆန်း ၅ရက် (23 January 1798) နေ့ ညနေ ခ ပြေ ဘကြီး မှူး ထွင် ပြန်။

(ရှေး ဟောင်း သု တေသန)

ဘုရား ကျွန်တော် အောက်မား ငန် ရွှေဘဝါး တော်မြတ် အောက်ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ။ တောင်ငူမြို့ ကျေး ဆင်ဖြူတောင် တောကရဲပတိုင် လေးသင်း အောက်မား တော်များ နှင့် အောက်ငင်ခဲ့သည့်ဆင် တော်အတိုင်း ၄ ဒိ ကျော်အစွယ်ပြင် ပေါ ၅ခန့်ဆင် တော် ရွှေဘဝါး တော်မြတ် အောက် ရောက်ပါကြောင်း ကိုရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ။ လက္ခဏာကြည့်မြဲကြည့်စေ ။

(သက္ကရာဇ်) ၁၁၆၁ ခုနယုန်လဆန်း ၇ ရက် နေ့ ရေကြည့်နန်း တော်တွင် ပြန် ။ 10 May 1799

(ရှေး ဟောင်း သုတေသန)

ဇေယသင်္ကြန်တို့ ရွှေဘဝါး တော် အောက်ရှိနိုး သံတော်ဦး တင်သည်ဘုရား ၊ ဆင်ဖြူတောင် တော်ကရဲပတိုင် လေး သင်း အောက်မား တော်များ နှင့် အောက်ငင်ခဲ့သည့်ဆင် တော်အတိုင်း ၄ ကျော်အစွယ် ၂ ခန့် ၃ [illegible]၊ ဆင် တော်ဦး ကင်း ပန်းကုန်း ရေခမိုး နား ဖြင့် ၂ တက်ကုံး ကိုယ် ရောက်လယ်ပင်း မင်း နေမြီး တူး မြီးသတ်မြီး ဝိုး မြီး တံသရက် စေ့မြီး သံ ခြေသည်း လက်သည်း စုံသည်၊ အသက် ၁၂ နှစ်ခန့်ရွေး ရည်ဆင် တော်ရဲ မည်ထင်ပါကြောင်း ကို ရွှေဘဝါး တော်မြတ် အောက်ရှိနိုး သံတော်ဦး တင်ပါသည်ဘုရား ၊ ပေါင်း လောင်း မြစ်နား မှာ ကြော့ဘမ်း ၍ ချည်မြဲ ချည် စေ ။

10 May 1799

(သက္ကရာဇ်) ၁၁၆၁ ခုနယုန်လဆန်း ၇ ရက် နေ့ ရေကြည့်နန်း တော်တွင်ပြန် ။

(ရှေး ဟောင်း သု တေသန)

9 July 1798

သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့တွင် ပုဏ္ဏားတစုတို့ခေါင်း မဟာရာဇိန္ဒဓမ္မ ရာဇဂုရုနှင့်သိရိကမ္ဗနတို့ကိုအမှူး ပြုလုပ် လျှောက်ထားကြရာ ကြေး ငွေကုန်ကျ ပေး ဆုံကြ၍ ဝါချုပ်ဝင်တစုတို့လိုက်လံ ဆောင်ရွက်ကြရမည်ပုဏ္ဏား ဦး ဒေရက၊ သိရိဂုရု၊ မဟာရာဇိန္ဒဂုရု၊ ရာမကုမာရ၊ မဟာဂရုရာဇဂုရု၊ ရာမဒေဝ၊ မဟာဓမ္မဂုရု၊ ရာဇကုမာရ၊ စကြာဝတီ၊ မဟာဒေဝရာဇဂုရု၊ ဒုမာရာမိ၊ ရူပကုမာရ၊ ရူပဒုမာရာမိ၊ ရူပိစန္ဒရ၊ လက္ခဏ၊ ရှုနာရာမိ၊ မတာသုက္ခ၊ မုနိရာမိ၊ ကာနုရာမိ၊ သိဿုရာမိ၊ သုဒေဝ၊ လက္ခဏငယ်၊ သောမြရာမိ၊ ပေါရဏငယ်၊ ဒေါ်နီရာမိ၊ ရာမဂုပါလ၊ ဌာကုစ်ငယ်၊ မော်ကာလာ၊ ဟရံစန္ဒရ၊ သုစန္ဒရ၊ ကမ္ဗနရာမိ၊ ပေါရဏကြီး ၊ ရာမနာရာယကာတို့တစုလာ ရောက်၍ စည်း ရုံး ပြောဆိုကြသည်၊ မလာမရောက်အိမ်မှာကျန်ရှိသူတို့ကိုလည်း အိမ်သို့ပြန်လည် ရောက်မှညီညွတ်၍အမည်နာမနှင့်တကွစာချုပ်ဝင် စေရမည်ဆို၍ စာချုပ်ဝင်ပုဏ္ဏား တို့တစုစာချုပ်ထား သည့်ကာလစာစီအမိန့်တော်ရမင်း ရာဇသိရိ၊ စာရေး နေမောင်တော။

ဘိသိက် တော်ဆက်ပုဏ္ဏား သိရိဖြဟ္မာ၊ မော်ကာလာ၊ ဆတ္တာသည်မဟာတုပ်၊ စကြာဝတီ၊ ရနိုင်ညိုတို့သည်ဆတ္တာသည်မမိမြှတ်ပုံနှင့်ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မဟာရာဇိန္ဒဓမ္မရာဇ ုရုမသင့်မနေသည်ကိုမဟုတ်မမှန်ရှိခိုး သံ တော် ဦး တင်သည်၊ မဟာမုနိဘုရား ရှင်ကျွန်ပုဏ္ဏား တို့နှင့် ပေါင်း သူများ ဖြစ်သည်၊ ဓညဝတီမြို့မှာ မဟာမုနိဘုရား ကျွန်ပုဏ္ဏား တို့နှင့် ပေါင်း သည့်ပုဏ္ဏား တို့ကိုစလွယ် မတင်စေနှင့်၊ ချည်စလွယ်တို့ကိုသိမ်း ၍ မဟာရာဇိန္ဒဓမ္မရာဇဂုရုကိုအပ်၊ သနား တော်မူသည့်ဗောင်း စလွယ်ဘွဲ့ခရုသင်း တို့ကိုတိုက် တော်သို့သွင်း စေ၊ ဘိသိက် တော် (ဆက်) စာရင်း (မ) ပါသူတို့ကိုလည်း ဘိသိက် တော်မဆက်စေနှင့်။

ဓညဝတီမြို့ပါရင်း ကျွန်သီး တော်ပုဏ္ဏား ဒုမာရာမိ၊ လက္ခဏ၊ သောမြဒုဂါ၊ ရာမဒေဝ (တို့နှင့်) ပေါင်း တက်သည့်ဘိသိက် တော်ဆက်သိရိဖြဟ္မာ၊ မဟာတုတ်၊ မော်ကာလာ၊ နန္ဒရာမိ၊ ရှက္ခာရာမိ၊ အိမ်ရှေ့ဘိသိက် တော်ဆက်ရာဇကုမာရ၊ ရူပိရာမိ၊ ဖြဟ္မာဏပုဏ္ဏား ရူပိန္ဒရာမိ၊ ရူပကုမာရ၊ ရှက္ခာရာမိ၊ ဒုမာရာမိ၊ ဆတ္တာသည်မဟာတုတ်၊ စကြာဝတီတို့ကိုမဟာမုနိဘုရား ကျွန်သီး တော်အကြီး ကိုအပ်၊

21 June 1799

မဟာမုနိဘုရား မှာ ပြောင်း၍ နေစေ၊ ဓညဝတီမြို့မှာ မဟာမုနိဘုရားကို ပန်းတင်လှူရသည့်အတိုင်း ပန်းတင်လှူစေ၊ ဘုံလဝွင်း လည်း တီး မှုတ်စေ၊ ရခိုင် ငညိုကိုဆင်စာရိတ်မှာဖြည့်။

21 June 1799

သက္ကရာဇ် ၁၁၆၁ ခု ပထမ ဝါဆိုလပြည့် ကျော် ၅ ရက် နေ့ ရေကြည့် စံနန်း တော် တွင်နား ခံ တော် ကျော်စွာ နော်ရထာပြန်။

(အောင်ငြိမ်း စု)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေ မြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် လက်နက်စကြာသခင်ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်၊ ငါကေရာဇ်မင်းမြတ်သည် ရှေး ရှေးသော ဘုရားလောင်း တော်ဘိုး လောင်း တော်သိရိ ဓမ္မာသောကအစရှိသော ရှေး ရှေးသော သာသနာပြုမင်းတို့ကဲ့သို့ သဗ္ဗညုဘုရားရှင်သာသနာ တော်ကိုပူဇော်ချီး မြှောက်ထိုက်လှသော ကြောင့်မြန်မာတိုင်းကြီး၌မင်း ကေရာဇ်အဖြစ်သို့ ရောက် တော်မူသည်၊ သာသနာ တော်ဆိုသည့်အရာသည် မြတ်စွာဘုရား ဟောကြား တော်မူသောတရား ကျမ်း ဂန် ဖြောင့်မှန်မှဖြည့်ကျင့် ဆောင်ရွက် သောရဟန်း ရှင်လူတို့အယူအကျင့်မှန်မှ နိဗ္ဗာန်မဂ်ဖိုလ်လမ်း ပွင့်မည်၊ တရား မမှန် ဖောက်ပြန်ဘိကသာသနာ တော်ကိုမှီကုန် သောရဟန်း ရှင်လူတို့အကျင့်ပျက်ယွင်း၍ဆင်း ရဲ ပင်ပန်း ကြရာသည်၊ သို့ဖြစ်၍ဘုရား ရှင်သာသနာ တော်၌ရှည်ကြာစွာ သောကာလအာစရိယဝံသ မပြတ်ပညတ်ဆုံး မလျက် ဂါမဝါသီလဇ္ဇီပေသလအဖြစ်ဖြင့်လာ ရောက်ကုန် သောသံဃာ တော်ဆရာ တော်တို့ကိုလည်း ဗုဒ္ဓါနုဗုဒ္ဓါမြတ်ကုန် သောအရှင်ဥပါလိတို့နှင့်မခြား မနား လေ့စား ယုံမှတ် တော်မူသည် တော နေရှင်ဗုဒ္ဓါသ သာရသည် ပါတိမောက္ခ သောသီလကြီး လေးပါး တရား ကိုဂရုပြု လေဟန်နှင့်ဝိဒ္ဓါဝါဒီပြု၍သဗ္ဗညုဘုရား ရှင်သာသနာ တော်ကိုပျက်ရ အောင်ကျမ်း ဂန်ထွက် မဟုတ်ဘဲကိုကျမ်း ဂန်ထွက်ရှိ သောပါဠိပါဠိကိုရုံး စုရောင် ဆောင်၍စာစောင်ဝယ်ပြုလုပ်ပြီး လျှင်ဒါယကာတို့အား ပြန်ကြား ၍ ဂါမဝါသီအရှင်တို့အား ယိပါးပြောဆိုစေသည်၊ အလှူပေး ၍အ လေး အမြတ်ဆည်း ကပ် သောဒါယကာတို့အား သဒ္ဓါပျက်ပြား အောင်ပြုသည်ဟုကြား သိ တော်မူသည်၊ ထိုသို့ပြုခြင်း သည်သာသနာ တော်၏အညစ်အကြေး ဘေး ရန်ဆူး ညှောင့်သဖွယ်ဖြစ်၍ နှစ်လိုစုံမက်စွာသာသနာ တော်သို့သင်း ဝင် လေပြီး သောပုဂ္ဂိုလ်တို့ကိုလည်း ဖျက်ဆီး သည်၊ သင်း မဝင် သေး သောပုဂ္ဂိုလ်တို့ကိုလည်း ဟန့်တား သည်၊ ဒါယကာတို့အား လည်း မှောက်မှား စေသည်၊ ထို့ကြောင့်၎င်း ဗုဒ္ဓါသသာရ ရေး ပြု သောဂရုခမ္မဂန္ထိရမှတ်စုစာကိုပြန့်နှံ့ လေရာ သိမ်း ဖိုက်ရာမီး တိုက် စေ၊ ၎င်း ပုဂ္ဂိုလ်မှီရာ စုလဂ္ဂစာကိုလည်း တွေ့ရှိရာအရပ်၌မီး တိုက် စေ၊ ဗုဒ္ဓါသာရကိုမူကား အဝတ်ဖြူလဲ၍ နေမြို့ဌာနမှနှင်ထုတ် စေ။

6 July 1799

သက္ကရာဇ် ၁၁၆၁ ခု ဒုတိယဝါဆိုလဆန်း ၅ ရက် နေ့ပြန်။

(မန္တလေး တက္ကသိုလ်စာကြည့်တိုက် ပေအမှတ် ၆၅၀၇)

6 February 1800

6 February 1800

သက္ကရာဇ် ၁၁၆၁ ခုတပို့တွဲလဆန်း ၁၃ ရက် ၅ နေ့ည ၄ ချက်မတီး မီတွင် လူတို့မှတ်ရာမှတ်ကြောင်း ဖြစ်သော နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာတို့၏ ပယ်နယ်နိမိတ်အပိုင်း အခြား ကိုဆိုသော သမိုင်း စာကို ရေး တူး ၍ငြီး သည်၊ ရေး ရသောအကျိုး ကို အဏ္ဏရာဇော မေကဋ္ဌ ဗုဒ္ဓရူပံ သမံသိယာ၊ တဿာဟိ ဝဏ္ဏိ တော ပေါ်သောလိုကျွယ်ပိဋကတယံ ဟု သော်ပါဋ္ဌ တော်လာသည့်အတိုင်း ပြည့်စုံပါလို၏။

(သုတေသီ စါစု)

တကောင်းပြည်အကြောင်း ကား ကက္ကုသံဘုရား လက်ထက်တော် သံသ
ဟုတွင်၏၊ ဂေါဏာဂုဏ်ဘုရား လက်ထက်တော် ရဋ္ဌ ဟုတွင်၏၊ ကဿပဘုရား လက်ထက်
တော် သင်္ကဿ ဟုတွင်၏၊ ဂေါတမဘုရား လက်ထက်တော် တကောင်း ဟုတွင်၏၊ 484 BC
ဘုရားသခင်ပရိနိဗ္ဗာန်လွန်တော်မူသည့်နောက်အနှစ်ခြောက်ဆယ်ကါး တကေါင်း
မြို့ကိုသတိုး ဇမ္ဗူဒီပဓဇမင်းတည်ထောင်ပြုစုတော်မူသည်။

သရေခေတ္တရာပြည်အကြောင်း ကား ကက္ကုသံဘုရား လက်ထက်တော်
ဝဏ္ဏနပတိ ဟုတွင်၏၊ ဂေါဏာဂုဏ်ဘုရား လက်ထက်တော် ပုဏ္ဏဝတီ ဟုတွင်၏၊
ကဿပဘုရား လက်ထက်တော် ပုဏ္ဏ ဟုတွင်၏၊ ဂေါတမဘုရား လက်ထက်တော် 484 BC
သရေခေတ္တရာ ဟုတွင်၏၊ ဘုရား ပရိနိဗ္ဗာန်လွန်တော်မူသည်အနှစ်၆၀တွင်
တကောင်း မင်းဂိုး သား မဟာသမ္ဘဝ စူဠသမ္ဘဝညီနောင်နှစ်ဦးတို့ရှင်ရ
သေ့တူမ ဘေဒါရီနှင့်မဟာသမ္ဘဝသင့်နေသည့်နောက်စူဠသမ္ဘဝနှင့်သင့်နေ
၍ ပျူတစုကံယံတစုမြမ္မာတစုလူသုံး ရပ်နှင့်သကြား အင်းတွင်နေ၍ပျူရွာကိုအုပ်ချုပ် 443 BC
လျက်မင်းပြုသည်နှင့်ဘုရား ပရိနိဗ္ဗာန်လွန်တော်မူသည်နောက်၁၀၁တွင်မဟာ
သမ္ဘဝ၊ စူဠသမ္ဘဝသား ဒွတ္တပေါင်မင်းကြီး သည်သူတော်သူမြတ်၅ယောက်တို့နှင့်
တိုင်ပင်၍အချင်းတယူဇနာအဝန်း၊ တံခါးကြီး ၃၂၊ တံခါး ငယ်၃၂နှင့်တကွရွှေ
မြို့တော်ရွှေနန်း တော်ကျုံး တော်သုံး ဌာနစ၍တည်ထောင်ပြုစုတော်မူသည်။

အရိမဒ္ဒနပုဂံမြို့အကြောင်း ကား ကက္ကုသံဘုရား လက်ထက် ပဏ္ဍုပဿ
ဟုတွင်၏၊ ဂေါဏာဂုဏ်ဘုရား လက်ထက်တော် တမကိတ္တိ ဟုတွင်၏၊ ကဿပဘုရား
လက်ထက်တော် တမ္ဗဒေသ ဟုတွင်၏၊ ဂေါတမဘုရား လက်ထက်တော် တမ္ဗဒီပ
ဟုတွင်၏၊ ဘုရားသခင်ပရိနိဗ္ဗာန်လွန်တော်မူသည်နောက်၊ သာသနာတော် AD 208
၇၅၂တွင်သမုဒ္ဒရာဇ်မင်းသည်၁၉ရွာအား နှင့်ယုန်လွှတ်ကျွန်း နေ၍တည်ထောင်
ပြုစုတော်မူသည်၊ နောက် လောကနန္ဒာအရှေ့တွင်သီရိပစ္စယာမြို့သမုတ်၍တည်သည်၊ AD 950
နောက်သက္ကရာဇ်တို၃၁၂ခုတွင်သမုဒ္ဒရာဇ်မင်း မှရှိသည်နောက်ပျူမင်း ထီမင်း
ပြုသည်၊ အရိမဒ္ဒနသမုတ်၍မြို့ထာဝန်း ၁၀၀၆ကိုတည်ထောင်ပြုစုတော်မူသည်၊
နောက်ပျဉ်ပြား မင်း နန်း တက်၍၃နှစ်ရှိမှအရိမဒ္ဒနကိုပုဂံဟုသမုတ်တော်
မူ၍မြို့ကိုထပ်လုပ်တည်ထောင်ပြုစုတော်မူသည်၊ နောက်ကွမ်ထမ်း ရာဇာလက်ထက်

နန်းမြို့ကျဉ်းသော်ကြောင့်အရှေ့မြောက်ထောင့်အရှေ့တောင်ထောင့်သုံးပွတ်ခါးကိုပြောင်း၍
နန်းမြို့ကြီးလည်းချဲ့၍တည်ထောင်ပြုစုတော်မူသည်။

1302
သက္ကရာဇ် ၆၆၄ ခုတွင်မြင်စိုင်းကိုတရုပ်တို့ကျရောက်သည်၊ ၎င်းသက္က 1304
ရာဇ် ၆၆၆ ခုမြင်စိုင်းမှာရာဇာသင်္ကြန်နန်းတည်၍စံသည်၊ ဘုရားပရိနိဗ္ဗာန် 30 January 1313
လွန်တော်မူသည်နေ့ကသာသနာတော် ၁ဂ၄ ခုနှစ်ကောဇာသက္ကရာဇ် ၆ရ၄ ခု
တပေါင်းလဆန်း ၅ ရက် ၃ နေ့ ဝိဇယပူရဟူသောပင်းယမြို့ကိုတစီးရှင်သီဟသူ
မင်းသည်ကုန်း ၉ ကုန်း၊ ကျင်း ၉ ကျင်း၊ အင်း ၉ အင်း၊ ပင် ၅ ပင်နှင့်တကွနတ်ကြီး ၅
ပါးဇွမကြီးပြုမကြီးအံမငြိုးမြင်းဖြူရှင်အောင်စွာသမုတ်ပြီးမှာ်မြို့တော်၊ နန်း
တော်၊ ကျုံး၊ ရွှေစည်းခုံ၊ ကူသစ်၊ ထောက်ရှည်ကန်၊ ကန်လှ၊ ခုနစ်ဌာနကိုတနေ့
ချင်းစ၍ပြီးမှာ်မြို့တာဝန်း ၁၄၀၀ ကိုတစီးရှင်သီဟသူမင်းတရားတည်ထောင်
ပြုစုတော်မူသည်၊ ဘုရားသခင်ပရိနိဗ္ဗာန်ယူတော်မူသည့်နေ့ကသာသနာတော် 29 January 1316
၁ဂ၅၉ ခုနှစ်ကောဇာသက္ကရာဇ် ၆ရရ ခုမှာပေါင်းလဆန်း ၆ ရက် ၅ နေ့တွင်ငါးစီးရှင်ညီ
တော်သမ်ယါစေါယွန်းမင်းသည်စစ်ကိုင်းအရပ်ဇေယျပူရသမုတ်တော်မူ၍မြို့တာဝန်းဂ၃၃
တာတခါးကြီး ငယ်ရတံခါးကိုတည်ဆောင်ပြုစုတော်မူသည်။

1479
သက္ကရာဇ် ၆၄၁ ခုတွင်တောင်ငူမြို့ကိုသဝန်ကြီးသဝန်ငယ်မင်း၊ မင်း 8 October 1510
ဆက် ၂၉ ဆက်ရှိမှာ်သက္ကရာဇ် ဂရ၂ ခုတန်ဆောင်မုန်းလဆန်း ရရက် ၃ နေ့တွင်မ
ဟာသီရိဇေယျသူရမင်းသည်အရှေ့အနောက်တာ ရ၀၀၊ တောင်မြောက်တာ ၅၀၀
တံခါး ၂၀ နှင့်တကွတောင်ငူမြို့ကိုမဟာသီရိဇေယျသူရမင်းတည်ထောင်ပြုစုတော်မူ
သည်။

ရတနာပူရအင်းဝအကြောင်းထားကမ္ဘာဦးကပဒုမ္မစန္ဒသူရိယ
မင်းလက်ထက် ဧရာဝတီရဋ္ဌတမ္ဗဏိ ဟုတွင်၍ဝရုဏ္ဏမင်းလက်ထက်ပုရိဒနဟုတွင်
၏၊ ကကုသံဘုရားလက်ထက်သုနာပရန္တဟုတွင်၏ ဂေါဏာဂုဏ်ဘုရားလက်ထက်ကာမ April 1364
ဝစရပ်ဟုတွင်၏၊ ကဿပဘုရားလက်ထက်ဥဿဘဟုတွင်၏၊ ဂေါတမဘုရားလက်ထက် May 1364
တမ္ဗဒီပဟုတွင်၏၊ သက္ကရာဇ် ရ၂၆ ခုကဆုန်လစစ်ကိုင်းပျက်သည်၊ ၎င်းနယုံလပင်း June 1364
ယ ပျက်သည်၊ ၎င်းဝါဆိုလဥဇနာပြောင်နန်းတက်သည်၊ ၎င်းတော်သလင်း July 1364
လဥဇနာပြောင်ကိုနန်းချ၍စစ်ကိုင်း၊ ပင်းယ၊ အင်းဝသုံးပြည်ထောင်ကို

(6 February 1800)

26 January 1365
သတိုးမင်းဖျားအုပ်ချုပ်သည်။ ၎င်းသက္ကရာဇ် ၇၂၆ ခု တပေါင်းလဆန်း ၆ ရက် ၁ နေ့
တွင် ဝက်ချည်အင်း၊ အင်းပုလု၊ ကျည်အင်း၊ အင်းရွှေ၊ ကြာအင်း၊ အင်းနက်၊ အင်း ၅ အင်း
ကိုဖို့၍မြို့တာဝန်း ၁၃၀၀ တံခါး ၉ ရပ်နှင့်တကွအင်းဝသမုတ် တော်မူ၍သတိုးမင်းဖျား
1526
တည် ထောင်ပြုစု တော်မူသည်။ နောက်သက္ကရာဇ် ၈၈၈ ခုတွင် ရှမ်းဖျက်၍ ပျက်သည်။ ပျက်
4 July 1597
သည့် နောက်သက္ကရာဇ် ၉၅၉ ခု ဝါခေါင်လဆန်း ၂ ရက် ၂ နေ့တွင် ညောင်ရမ်းမင်းတ
ရားသည်အင်းဝရတနာပူရသမုတ် တော်မူ၍ ဥဋ္ဌာနခွဲ တော်မူပြီးလျှင်မြို့ကိုထပ်၍တည်
11 March 1752
ထောင်ပြုစု တော်မူသည်ကိုသက္ကရာဇ် ၁၁၁၃ ခု နှောင်းတကူး လဆန်း ၈ ရက် ၄ နေ့
ဟံသာဝတီမွန်သို့ကျ ရောက် သော ကြောင့်မွန်ဖျက်၍ ပျက်ပြန် လေသည့် နောက်ရတနာ
သိယ်ကုန်း ဘောင်မြို့တည်သာသနာ့ဒါယကာ တော်အလောင်း မင်း တရား ကြီး သား
တော်ဆင်ဖြူရှင်မင်း တရား သည်ရတနာသိယ်ကုန်း ဘောင်ပြည်မှာခမည်း တော်
အရိုက်အရာ နောင် တော်အရိုက်အရာဖြစ် သော ရွှေထီး ရွှေနန်း ကိုသိမ်း မြန်း အပ်
20 March 1766
စိုး တော်မူ၍ ၃ နှစ် စေ့လျှင်သက္ကရာဇ် ၁၁၂၇ ခု နှောင်းတကူးလဆန်း ၁၁ ရက် ၅ နေ့
ဆင်ဖြူရှင်မင်းတရားသည်အင်းဝမြို့ တော်ကိုအ ရှေ့ တောင်အ နောက်သုံး မျက်နှာကိုချဲ့၍
တံခါးကြီး ၁၄ ရပ်နှင့်တကွ ၄ ရပ် ဝါဆို တော်မူ သော ကျောင်းတိုက် ၁၄ ရပ်မြို့တာဝန်း
၂၄၄၃ တာကိုတည် ထောင်ပြုစု တော်မူ၍ စံ တော်မူသည်။

21 June 1753
သက္ကရာဇ် ၁၁၁၅ ခု ပထမဝါဆိုလပြည့် ကျော် ၆ ရက် နေ့တွင်သာသနာ့ဒါယကာ
အလောင်း မင်း တရား ကြီး သည်ရတနာသိယ်ကုန်း ဘောင် ရွှေမြို့ တော်ကျုံး တော်
နတ်ကွန်း၊ ဗဟိုစင်၊ ရေတန် တော်၊ ရွှေချက်သို၊ ရွှေနန်း တော်ခုနစ်ဌာနကို
တနာဂိုတည်း စ၍အရှေ့အနောက်တာ ၁၁၀၀၊ တောင် မြောက်တာ ၁၀၀၀၊ တံခါး
ကြီး ၄၀၊ တံခါး ငယ် ၄၀ နှင့်တကွကျုံး အနက် ၁၅၊ အကျယ် ၂၅ တာ၊ ပြတန် ဆောင်း ဘုံ
ငါး ဆင့်နှင့်တကွတည် ထောင်ပြုစု တော်မူသည်။

7 October 1067
သက္ကရာဇ် ၄၂၉ ခုတန် ဆောင်မုန်း လဆန်း ၁၂ ရက် ၁ နေ့တွင် ပုဂံမြို့ကိုသိဂိ
ရာဇ်မင်း သည်ဗိုလ် ၄၀ နှင့်အမတ်ကိုအပ်ပြီး လျှင် ရွှေမြို့သမုတ် တော်မူ၍တည် ထောင်
12 March 1552
ပြုစု တော်မူသည်။ သက္ကရာဇ် ၉၁၂ ခု နှောင်းတကူးလဆန်း ၆ ရက် ၅ နေ့တွင်ဘုရား
နောင် တော် ကျော်ထင် နော်ရထာသည်သမိန် ထောရာမကိုလုပ်ကြံ တော်မူ၍အ ရေး
တော်ပြီးလျှင် ၎င်းနှစ်ဥဿာပဲကူးမြို့ကိုဟံသာဝတီဆင်ဖြူရှင်မင်းတည် ထောင်ပြုစု တော်မူသည်။ ထို

(6 February 1800)

နှစ်ပင်ထီး နန်း ဖိုက် ဆောက်၍ စမ္ဗာယ် တော်မူသည်။ 1552

414 BC

သက္ကရာဇ်သာသနာ တော်၁၃၀ပြည့်တွင် ဒွတ္တ ပေါင်မင်း ကြီး သည်အ 414 BC
မတ်သုနာဂကိုအပ် တော်မူ၍ ၎င်း သက္ကရာဇ်တ ပေါင်း လဆန်း ၁၅ ရက်ဘ နေ့သို့ အဝင်ညည့်၂ချက်တီး ကျောင်တွင် ဗိုလ်၃၀၀နှင့်တည် ထောင်ပြုစု တော်မူသည်၊ မြို့ရပ် ရုံ၊ ထုံ၊ မြေဝင်မြို့မြစ် ၅၊ မြို့တာဝန်း ၁၆၀၀၊ တံခါး ၅ ပေါက်၊ ကျုံး အနက်အ တောင် ၂၀၊ အကျယ် ၂တာ နှင့်တကွဟည် ထောင်ပြုစု တော်မူသည်။

(သုတေသီ၏စု)

(မညဝတီမြို့အမှုဆောင်တို့တင်ရှိသည့်မြေတို့ကိုတဖြည်းဖြည်းမှပေးဆပ်) နိုင်ပါမည့် အကြောင်းနှင့်ရှိနိုးသံတော်ဦးတင်ချက်အတိုင်း မညဝတီမြို့သူကြီး တောင်းငယ် တွေသားသက်နံ့ ဝေမြို့မှုဆောင်တို့ ရေးယူသည့် ကြွေးမြေရပ်များကို ကြွေးရှင်မြေ ရှင်ဘို့ကအာပုအပြင်း အပ်နှံ၍မတောင်း မထုတ်စေနှင့်မှုဆိုး မဝန်ကဲ့သို့တဖြည်း ဖြည်းပေးဆပ်စေ၊ မညဝတီမြို့ကအခွန်တော်သင့်လူငယ်ဆက်သည်မှာလည်း မြို့ဝန် အခွန်ဝန်စစ်ကဲအရာရှိတို့ရှိနိုးသံတော်ဦးတင်ချက်ကိုထောက်၍လူငယ် ၂၂၅ ဆက် ရောက်သည့်အတိုင်းထိန်နှင့်စေ၊ (သက္ကရာဇ်) ၁၁၆၃ ခုအခွန်တော်ထွက်ဆက်သည် (1801) ကာလပြေအောင်ဆက်စေ။

7 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုတန်ဆုန်လပြည့်ကျော် ၁၁ ရက်နေ့ဝန်ထောက်နေ မျိုးသီရိဉာဉ်သူစာရေး ငမြတ်သာအား ကိုအပ်၍ရွှေမြို့တော်သို့ပို့စေသည်။
(မေမြို့ ဘုန်းကြွယ် ပေမှု)

ပဉ္စင်းလောင်းတော် ရှင်လောင်းတော်တို့ကို ရှေးအစဉ်ပထမပြန်မြဲအတိုင်း ပြန်စေရမည်၊ မည်သည့်ဆရာတော်မှာတပည့်မည်မျှပထမပြန်မည်သူရမည်ကိုမဟာဒါန်ဝန်ကဆရာတော်တို့ကို စေ့နှံ့အောင် လျှောက်၍ရှိခိုး သံတော်ဦး တင်စေ၊ မေး မြန်း ပြန်ဆိုသည်မှာလည်း ညောင်ရမ်း ဆယ်ဆက်မင်း တို့လက်ထက် မေးမြဲပြန်မြဲအစဉ်ရှိသည့်အတိုင်း သာ မေး စေပြန် စေ။

8 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုတဆုန်လပြည့် ကျော် ၁၂ ရက် နေ့ ဝန် ထောက် နေမျိုး သီရိစည်သူ စာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ပို့ စေသည်၊ မဟာဒါန်ဝန်တွင်လည်း ပြန်။

(မေမြို့ ဘုန်း ကြွယ် ပေမူ)

မိုင်း သက်မြို့တွင်လူက မွေး သည်ဆိုသည့် မျောက် လေး ခုတို့ မိုင်းသက်မြို့သို့ စောမယ် ရောက်လျှင် ရွှေဘဝါး တော် အောက်ဆက်လာ စေ။

8 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့်ကျော် ၁၂ ရက် နေ့ ဝန် ထောက် နေမျိုး သီရိစည်သူ၏ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့ တော်သို့ ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ပသမပဉ္စင်း လောင်း တော်ရှင်လောင်း တော်တို့ကို ရွေး အစဉ်စာပြန်မြဲပြန် ဆို စေရမည်ဖြစ်၍ဆရာ တော်တို့မှာ မဟာ ဒါန်ဝန်ကို လျှောက် မေး စေလျှင်ကုကြီး တိုက်ဆရာတပည့်သာမဏေ၂ပါး ပဉ္စင်း လောင်း တော်စာပြန်မည်သူ့ရ ကြောင်း နှင့်မဟာ ဒါန်ဝန်ရှိ နိုး ယံ တော်ဦး တင်သည်၊ သာမဏေ၂ပါး ကိုသူ မဓွာ စရိပ် တွင်ပြန်မြဲပြန် စေ၊ ဆရာ တော်တို့ကိုလည်း မေး မြဲ မေး စေ၊ ပွဲသဘင်လည်း ခံ မြဲခံ စေ၊ စာပြန်ပြီး လျှင် ညောင်ရမ်းဆယ်ဆက် မင်း တို့လက်ထက် ဝိနည်း မှိုရ်ဆ ရာထား မြဲအတိုင်း ဝိနည်း ကိုပြန်ဆို စေ၍ ဝိနည်း ဆိုခန့်။

10 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့်ကျော် ၁၄ ရက် နေ့ဝန် ထောက်စာ ရေး ငမြတ်သာ အား တွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမှု)

10 May 1801

နေ့ခေါ်ရက် ခေါ်အမှတ်အသား အသုံး အဆောင်များ ကို ရွေး အစဉ် ခေါ် ဝေါ မှတ်သား မြို့နန်း ဆရာနှင့် ဗေဒင်သမား တစုအစစ်ခံ ချက်ရှိသည့်အတိုင်း ခေါ် ဝေါ မှတ်သား သုံး ဆောင်ကြ စေအမိန့် တော်ပါသည်မှာ ဝန်တို့ကရှိခိုး သံတော်ဦး တင်ပြန်သည်ဖြစ်သည်အမိန့် တော်ကိုသိမ်း ။

10 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့် ကျော် ၁၄ ရက် နေ့ မင်း ကွန်း အရှေ့ ဘက် ဘောင် တော်ဆိပ်ငန်း တော်မှာနား ခံစ မြောင်များ သွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ကျိုင်း ရုံ ယည်ဝိဘွား မဟာဝုံ သေလွန်သည်ကျိုင်း ရုံမြို့စစ်ကဲ နေမျိုး လကိယာ ကျော်ထင်တဆယ့်နှစ်ပန္နား မြို့စား ဒေါဘယာမျိုး မဂ်တစုအစိုးရင်ခံ ချက်ကို ထောက်၍ အထက် ယည်ဝိဘွား သား ကြီး စော အည် ယည် ယေ၊ စော အေည် ယည်သား စောစံကို ယည်ဝိဘွား အရာဆင်မြင်း အစီး အနင်း အဆောင်အငွက်သနား တော်ခံ စေသင့် ကြောင်း နှင့်ဝန်တို့ကသွင်း ချက်အတိုင်း သင့်ပြီ။

10 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့်ကျော် ၁၄ ရက် နေ့ညမင်း ထွန်းအရှေ့ဘက် ဘောင် တော်ဆိပ်နန်း တော်မှာနား ခံစမြောဝ်မျိုး ထွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမှု)

မကျွေး ဆင်အစီရင်ဆင်မှူး တို့က တောင်ငူမြို့ကျေး ဇလော တောတွင် ကြော့ဘမ်း၍ ရသည့်ဆင်မ တော်သည်ထူး မြတ်သည့်ဆင်ဖြစ် ကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ ဆင်မ တော်ကိုအိမ်ရှေ့မင်း က လှေလှူခန့်ထား၍ ဆောင်ယူဆက်ပို့စေ။

11 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့်ကျော် ၁၅ ရက် နေ့ မင်း ထွန်း အရှေ့ဘက် ဘောင် တော်ဆိပ်နန်း တော်တွင်ငန် ထောက် နေမျိုး သိရိစည်သူ စာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့စေသည်။

(မေမြို့ဘုန်း ကြွယ်ပေမှု)

မကွေး မြို့ဆင်မှူး တို့က တောင်ငူမြို့ ကျေး လေ တောတွင် ကြွ့ဘမ်း ရသည့်ဆင် မတော်ကိုအမိန့်တော်ရင်း အတိုင်း အလျင်အမြန်အိမ်ရှေ့မင်း က လှော်လှခန့်ထား၍ ရွှေဘဝါး တော်အောက် ဆောင်ယူပို့ဆက် စေ၊ မြစ်စဉ်တလျှောက်မြို့ ကျေး ရွာ မှူး ကလည်း ဆင် တော် တောင်ကိုအသီး သီး လှော်လှနှင့်ဆွဲငင်လိုက်ပို့ကြ စေ၊ မကွေး မင်း သမီး ဝန်နေမျိုး ကျော်ထင်ကလည်း လှော်လှခန့်ထား၍အလျင်အမြန် ရောက် အောင်ကြိုယူ စေ။

(သက္ကရာဇ်) ၁၁၆၃ ခုကဆုန်လပြည့်ကျော် ၁၂ ရက် နေ့တွင် ငန်ထောက် 11 May 1801 နေမျိုး သီရိစည်သူ စာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့ စေသည်။
(မေမြို့ဘုန်း ကြွယ် ၄ပ မူ)

သိန္နီမြို့မှာ တုရင်သီရိသာရ၊ ဥဒိန် ကျော်ထင်တို့ကို စစ်ကဲအရာက နှုတ်၊ ဂန္ဓပန္နည်း လက်ဝဲစန္ဒသူတို့ကို သိန္နီမြို့စစ်ကဲခန့်၊ တုရင်သီရိသာရ၊ ဥဒိန် ကျော်ထင်တို့ကို ရွှေဘဝါး တော် အောက်လာစေ။

(သက္ကရာဇ် ၁၁၆၃ ခုနယုန်လဆန်း ၁ရက် နေ့ (12 May 1801) ဝန် ထောက် နေမျိုး သီရိ စည်သူ စာရေး ငမြတ်သာ အေး ကိုအပ်၍ ရွှေမြို့တော်သို့ ပို့ စေသည်။

(မေမြို့ဘုန်း ကြိုယ် ပေမူ)

12 May 1801

အနောက်ဘက်တိုက်အဝင်ဆီး ချိုင့်ရွာ နေ ကြေး ပေး ငယ်သား တို့နှင့်သူကြီး ငကြွက် တို့ကြေး ထွက်မှုစကား လင်္ဂတောရွာ နေ ကြေး ပေး ငယ်သား တို့နှင့်သူကြီး ငပသိ တို့ကြေး ထွက်မှုစကား ကို နေ့လအရှည်မပြီး မပြတ်နိုင်ရှိ ကြောင်း နှင့် ကြေး ပေး ငယ်သား တို့ကသံ တော်ဦး တင် ပေသည်၊ ဆီး ချိုင့်ရွာလင်္ဂတောရွာ ကြေး ထွက်မှု စကား ကို ကောက်ချက်လဘက်စား ချက်ရှိသည့်အတိုင်း ပြီး ပြတ်လွယ် အောင် စီရင်၊ စီရင်၍ပြီး လျှင်လည်း ပြီး ကြောင်းကို ရှိခိုး သံ တော်ဦး တင်လာ စေ၊ ဆီး ချိုင့်ရွာ ကြေး ပေး ငယ်သား တို့ လျှောက်ချက်တွင်သူခိုး ဆို၍ ခေါ်သည်ဂုံး သို့မအပ် ကြေး ငွေ လျှပ်ဖြတ် တောင်း ယူ ပေး ရသည့်အမှုကိုလွှတ် တော်မှာအစီရင်ခံလျှပ်မစစ်မကြော နေ ကြောင်း နှင့်ပါသည်၊ လျှပ်ဖြတ်သည်မှန်မမှန်ကိုစစ်၊ လျှပ်ဖြတ်သည်မှန်လျှင်လျှပ် ဖြတ်သူကိုအဆုံး စီရင်၊ လျှောက်ချက်အတိုင်း မမှန်လျှပ်ဖြတ်သည်အမှုမဟုတ်လျှင်လည်း မလျှပ်မဖြတ် ကြောင်း ကိုရှိခိုး သံ တော်ဦး တင်လာ စေ၊ အမိန့် တော်ကိုအိမ်ရှေ့ မင်း သို့ပြန်၊ ရှိခိုး သံ တော်ဦး တင်သူတို့ကိုလည်း အတွင်း ဝန်ကအိမ်ရှေ့မင်း သို့ ပို့၊ လွှတ် တော်ရုံး တော်ပြင်အိမ်ဝန်အိမ်မှစ၍အရပ်ရပ်စစ် ကြောစီရင်သမျှတ ရား စကား အရှုက်အတင်အမှုများ မှာလည်း (သက္ကရာဇ် ၁၁၆၃ ခု) နယုန်လ 12 May 1801 ဆန်း ၁ ရက် ရောက်ပြီ၊ မိုး တွင်း ကာလလုပ်ချိန် ဆောင်ခါကိုရပ်ရွာပြန်သွား လုပ် ဆောင် စေရမည်၊ တရား ထုံး စံမှန်ရာပြီး ပြတ်လွယ် အောင်စစ် ကြောစီ ရင်၍ရပ်ရွာပြန်သွား ကြ စေ။

12 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁ ရက် နေ့အ ဆောင် တော်မြဲ ရှေ့ တောင်သိမ်ကိုအပ်၍အိမ်ရှေ့ တော်သို့ပို့ စေသည်။

(မေမြို့သုန်း ကြွယ် ပေမှု)

ပြည်မင်း ၊ ပုဂံမင်း ၊ ပုခန်း မင်း တို့ကတနင်္သာရီမြို့စောင့်အိမ်ခြေ ၅၀လျှင် ၁ ယောက်သင့်လက်နက်ကိုင်ပြည်မြို့က ၁၃၄၊ ပုဂံ ပင်းတလဲမြို့က ၁၀၀၊ ပုခန်းကြီး မြို့က ၅၉၊ ပေး ရမည်ဆိုင်ရာ ဝန်စာရေးကြီး တို့ကို မဆင့်မဆိုပြည်၊ ပုဂံ၊ ပင်း တလဲ၊ ပုခန်း မြို့များ မှာ အမှုး အကြီး လုလင်ခန့်ထား သိမ်း ခေါ်တောင်း ခံ သည်၊ ပြည်၊ ပုဂံ၊ ပင်း တလဲ၊ ပုခန်း မြို့များ မှာအိမ်ခြေ ၅၀လျှင်လက်နက်ကိုင် တ ယောက်သင့်မကပိုသာ၍ထွက်စံတော်မူရာ အမှုတော်ကိုထမ်း ရွက်ရှိ နေပါသည် အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ခန့်ခြေကက်တိုး၍ နောက် တော်ထွင်ပါလေပြီး သည်၊ တနင်္သာရီမြို့စောင့်မခန့်စေနှင့်၊ လွတ်စေ၊ နောက် ကိုခန့်ထား ရန်ရှိလျှင်လည်း မြို့ရွာ မှာအ လျောက်အလျား မခန့်မထား စေနှင့်၊ ဆိုင်ရာ ဝန်စာ ရေးကြီး တို့ကိုဆင့်ကဲခန့်ထား စေ။

14 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၃ ရက် နေ့ဝန် ထောက် နေမျိုး သိရိ စည်သူ စာရေး ငမြတ်သာ အေး ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

15 May 1801

အမျိုးတော်မိသားအဘွား ဒေသလွှန်ရာမှသံ တော်ဆင့်သီရိနန္ဒ ကျော်အမိနည်း သကြိုဟ်စေ၊ မိသားကိုလည်း သွား၍သကြိုဟ်စေ၊ ဓညဝတီအခွန်ဝန် ရွှေတောင် သိန္ဒီ ဒေသလွှန်ရာမှကုလားတို့အယူကိုပယ်၍သမ္မာအယူကိုယူသူဖြစ်သည်၊ ပျည်အဘုံး ကမွှတ် ရွှေထည့်နှင့်သကြိုဟ်စေ၊ မှူးတော်မတ်တော်တို့လည်း ကြည့်ရှုလိုက်လံသကြိုဟ်စေ။

15 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၄ ရက်နေ့အသုံး ၈၁ ရေး လက်ဝဲဇော ယသူကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ရွှေမြို့တော်မှာ တောင်ငူမင်း နှင့်ဝန်ကြီး နှစ် စောင့်နေစေ၊ အိမ်ရှေ့မင်း နှင့်ဝန်ကြီး နှစ် ရွှေဘဝါး တော် အောက်လာ၍ နေ့ခေါ်ရက်ခေါ် အမှတ်အသား မှုများ ကို လျှောက်ထား စေ။

15 . May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၄ ရက် နေ့နား ခစ မြောင်မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမှူ)

ယင်း တော်မြို့ကျေး ဝရုံသူကြီး ၊ ကန္ဒီသူကြီး ၊ ရှား စောင်တောသူကြီး ၊ ပင်း မြှင်သူကြီး ၊ ကြွယ်တန်သူကြီး ၊ ဝါး ရင်း တုတ်သူကြီး ၊ တောထွင်း သူကြီး ၊ ဆား တေါင် သူကြီး ၊ သူကြီး ငယ်တစုတို့က ယင်း တော်မြို့စီရင်စု ကျေး ရွာ များ မှာ ငွေ ၁၀၀၀ ကျော်အကြီး ငရွှဲ ခံယူ သော ကြောင့် သူကြီး ငယ်တို့နှင့် မြို့သူကြီး ငကျော်စံလှ တဘက် ၊ အကြီး ငရွှဲ တဘက် ပြောဆို ထွက်စစ်ကြလျှင် မင်း မှု တော်မှာ ဝင် အောင် မသုံး မကုန် နိုင်ပါသည်ကို မြို့သူကြီး ငကျော်စံလှ ယောက်ဖ ငရွှဲနှင့်ပူး ပေါင်း ပြန်၍ ငွေ ၂၀၀ ပေး စေ စီရင်ချက်ကို ငကျော်စံလှ လဘက်လှမ်း စား လျှင် သူကြီး ငယ်တစုလှမ်း ယူ ရပါသည် ၊ ပြီး ချက်ဝင် ငွေ ၂၀၀ ကို အကြီး ငရွှဲ ငကျော်စံလှတို့ ခွဲခန့်လျှင် ငွေ ၃၀၀ ကျော် ပေး ချိန် ဆောင်ရွက် ရှိပါသည်ကို မငြိမ်း ပါ ရ ပေး ရ မည် တောင်း ပြန်ခဲ့ သည် အကြောင်း နှင့် ရှိနိုး သံ တော်ဦး တင်သည် ၊ ယင်း တော်မြို့သူကြီး ငယ်တို့ ရှိနိုး သံ တော်ဦး တင် ချက် ဝင် ကြေး စကား ကို ဝန်တို့က စစ်ကြော၍ ထိုက်ရာ စီရင် ။

15 May 1801

(သက္ကရာဇ်) ၁၁၆၃ ခု နယုန်လဆန်း ၄ ရက် နေ့ ဝန် ထောက် နေမျိုး သီရိ စည်သူ စာရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့ စေ-ည် ။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ဂျိုနိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများ မှာလယ်ယာများ ကိုနှစ်တိုင်း ယက်တိုး ပွါးလုပ် ဆောင်ကြရမည့်အကြောင်း နှင့်မြို့ဝန်စစ်ကဲမြို့ရွာသူကြီး တို့ကိုပြန်ဆိုမှာထား၍ စေ့နှံ့အောင်လုပ် ဆောင်ကြစေ၊ တရား စကား အရှက်အတင်မှုများ မှာလည်း ယခုလုပ်ချိန် ဆောင်ခါရောက်ပြီး ဖြစ်သည်၊ မတွေ့မဆိုကြစေနှင့်၊ မြို့ရွာပြန်သွား ကြစေ၊ လုပ်ချိန် ဆောင်ခါလွန်မှထိုက်ရာ ပြောဆိုကြစေ။

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၅ရက် နေ့ဝန် ထောက် နေမျိုး သီဂိ16 May 1801
စည်သူစာ ရေး ငမြတ်သာ အေး ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ထုံး မှုး ငညီကထုံး အစုသား မြန်မာ၊ ကသည်း လူတို့ကို ခမည်း ဘော်ဘုရား လက်
ထက် တော်က ရွှေလက်ထက် တော်တိုင်အဘ ဘယသုရ မှုး ကြီး ခေါင်း အုပ်ကမ်း ရွက်
1798
ပါသည်၊ အဘ ဘယသုရ သေလွန်လျှင် (သက္ကရာဇ်၁၁) ၆၀ပြည့်စာရင်း တော်ဆက်
သွင်း၍လွှတ် တော်က ပေး အပ်သည့်စာချွန်နှင့်မှုး ကြီး ခေါင်း အုပ်ထမ်း ရွက်ပါ
1798
သည်၊ (သက္ကရာဇ်၁၁) ၆၀ပြည့်စာရင်း တော်ဆက်သွင်း ပါဝင်သည့်အတိုင်း အတ
အရာကိုဆက်ခံ မှုး ကြီး ခေါင်း အုပ်ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်
သည်၊ အမှု တော်ကို ပြေကုန် အောင် ဆောင်ရွက်နိုင်လျှင်ထုံး အစုသား မြန်မာ၊ က
သည်း လူတို့ကိုဘယသုရသား ငညီက မှုး ကြီး ခေါင်း အုပ်ထမ်း ရွက် စေ၊ ထုံး အစုသား
မြန်မာ၊ ကသည်း လူတို့ကိုလည်း တောင်ရင်း ဩနယ်တွင်မင်း ကွန်း တောင်း မှု
တော်လုပ်ရန်ထုံး ဘုတ်သည့်အရပ်တွင်ဘုတ်လုပ် လောက် အောင် နေ မြေတိုင်း၍ ပေး ။
17 May 1801
(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၆ရက် နေ့အသုံး စာ ရေး လက်ဝဲဇော
ယျှသူကိုအပ်၍ ရွှေမြို့ တော်သို့ပို့စေသည်။
(မေမြိုဘုန်း ကြွယ် ပေမူ)

17 May 1801

နေ့ခေါ်ရက် ခေါ်အမှတ်အသား များ မှာညီညွတ်မှန်ကန် အောင်မတတ်နိုင်ကြဖြစ်သည်၊ ရှေးအစဉ် ခေါ် ဝေါ် မှတ်သား မြဲပြုကျွဒိန်အတိုင်း ခေါ် ဝေါ် မှတ်သား ကြ စေ။

17 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၆ ရက် နေ့နား ခံစ မြောင်မှုး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ တောင်ခွင်သာသနာပိုင် ပေမူ)

ပြက္ခဒိန်တွင် ၃၆၅၊ ၃၆၆၊ တော်တုလဲ၊ မာတုလဲရှိ ကြောင်း နှင့် ဗောဒင်သမား တို့အစဉ် ခေါ် ဝေါ်သုံး ဆောင်ကြသည်ကို ရေတွက်ဆင်ခြင်လျှင် ၃၆၆ မက ၃၆၀ အာ ရေအတွက်ရသည်၊ ၃၆၅၊ ၃၆၆ ခေါ် ဝေါ်သုံး ဆောင်သည်မှာလည်း ရှေး ဘေား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ကပင် ခေါ် ဝေါ်သုံး ဆောင်၍ လာသည်၊ သာသနာ ရေး သာသနာ မှုလည်း ဖြစ်သည်၊ ၃၆၅၊ ၃၆၆ ပွန်မည်၊ ၃၆၀ မှန်မည်ကိုဘတ်မှတ်သည့်အ လျှောက်စကား ကုန်စင် အောင် ရှေ့တော်တွင် လျှောက်ထား ပြောဆိုကြရ စေမည်၊ ခိုနန်ဆရာ၊ တိုင်ပြင်၊ ငဖျော်၊ ဂန္ဓိ၊ ငဝင်၊ ကေတု၊ ရွှေမြို့တော်ရှိ ဗေဒင်သမား တစုတို့နှင့် မြောက်ဘက်တိုက်ဝန်ကို ရွှေဘဝ်း တော် အောက်လာ စေ၊ ဆရာ တော်တစုက ဗေဒင်ကိုတတ်ကျွမ်း သူတို့ကိုလည်း ပင့်ခဲ့ စေ၊ အနီး အဝေး မြို့ရွာ များ တွင် ဗေဒင်တတ်ရှိသူတို့ကိုလည်း ခေါ် စေ။

19 May 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လဆန်း ၈ ရက် နေ့ ဝန် ထောက် နေမျိုး သီရိစည် သူငမြတ်သာ အား ကိုအပ်၍ ရွှေမြို့ တော်သို့ ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ ထောင်ခွင်သာသနာပိုင် ပေမူ)

မြို့လပ်ဝန် နေမျိုး နန္ဒမိတ်သမီး သေလွန်ရာ မှာ ခါသာ ရွှေ မှော်ကြီနှင့်မြို့လပ်
ဝန်ကိုသွား ၍သဂြိုဟ် စေ၊ ယင်း ထော်မင်း သမီး အကြီး ဟောင်း ငရွှဲ မယား
မိမြွတ်နှင့်ယင်း တော်မြို့သူကြီး သူကြီး ငယ်တို့ ကြေး စကား မှာပြီး ချက်ဖြတ်စာတွင်
ငရွှဲသို့ မေး စေပါ ကြောင်း နှင့်မိမြွတ်က ရှိခိုး သံ တော်ဦး တင်ပြန်သည်၊ ဖြတ်စာ
အတိုင်း ငရွှဲသို့ ပေး ရသည်မှန် အောင်ဆိုနိုင်လျှင်ဆို စေ၊ မဆိုနိုင်လျှင်မြို့သူကြီး ကို
ပေး ရသည်ဆို၍ မလွှတ် စေနှင့်၊ ဖြတ်စာ ငင် ငွေကိုသူကြီး ငယ်တို့က ငရွှဲ မယား မိ
မြွတ်ကို ပေး စေ၊ မြို့သူကြီး သို့ ပေး ရသည်ဆိုသည့် ကြေး ကိုမြို့သူကြီး သူကြီး ငယ်တို့အခြား
ဆို စေ၊ မိမြွတ်နှင့်ယင်း တော်မြို့သူကြီး သူကြီး ငယ်တို့ ကြေး စကား ကိုအမိန့် တော်ရင်း
အတိုင်း လွှတ်မှာအစစ်ခံကြ စေ၊ ရေသမင် လျှော် တော်ပဲ့နင်း ငနတ် ပေး တက်ခွဲ
တက်ကိုင်တစုတို့ကသာ ရ ဝေနယ်အတွင်း မြေအတွင်း အ ရှေ့ကိုဂျင်အင်း ၊ ထောင်ကို
မိလခတ် ချောင်း ၊ အ နောက်ကိုဧရာဝတီ၊ မြောက်ကိုကျိုး သေသနပ်ဝအင်း ၊ နယ်
လေး ရပ်အတွင်း လယ်ယာအင်း သောင်ကိုင်း ကျွန်း မြေရပ်များ သည်ဘိုး ဘခုတ်
ထွင်တီကျင်း ပိုင်ဆိုင်သည်ဖြစ်၍ ဝေဒ တော်မှာထမ်း ရွက်ရသည့်ကာလလည်း နေထိုင်
လုပ်စား ထမ်း ရွက်ရပါသည်၊ လျှော် ဘော် ပေး အပ်ထမ်း ရွက်ရသည်တွင်လည်း နယ်
လေး ရပ်အတွင်း လယ်ယာအင်း သောင်ကိုင်း ကျွန်း မြေရပ်များ ကိုလက်မကွာ နေ
ထိုင်လုပ်စား ရပါသည်ကိုယခု မှာဟယ်တမြို့ဝန်ကသိမ်း နှုတ်၍အခြား သူတို့ကိုချ ပေး ခဲ့
သည်အ ကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ ရေသမင် လျှော် တော်သား လက်မ
ကွာ နေထိုင်လုပ်စား မြဲ နေထိုင်လုပ်စား စေ၊ မြေကိုဟင်း သာတမြို့ဝန်သူကြီး တို့က
မသိမ်း မယူမချ မပေး စေနှင့်၊ ရေသမင် လျှော် တော်သား တို့ကို နေထိုင်လုပ်စား
မြဲ နေထိုင်လုပ်စား စေ။

19 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၈ ရက် နေ့ ဝန် ထောက် နေမျိုး သိရိ
စည်သူ စာ ရေး ငမြွတ်သာ အေး ကိုအပ်၍ ရွှေမြို့ တော်သို့ပို့ စေသည်။
(မေမြို့ဘုန်း ကြွယ် ပေးမှု)

မင်း လှရာဇာ သေလွန်ရာ မှာ ဖျည်ကတ္တီပါ ရွှေ မှော်ကြိုနှင့်သင်္ဂြိုဟ် စေ။

21 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနှစ်နယုန်လဆန်း ၁၀ ရက် နေ့ ဝန် ထောက် နေမျိုး သိဂို စည်သူစာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့စေသည်။

(မေမြို့ကုန်း ကြွယ် ပေမူ)

တတိယ ပက္ခ စတုဒ္ဒသီကိုအစွဲပြု၍ တန်ခူး လကွယ်ကိုရက်မစုံဥပုသ်၊ သတ္တမ ပက္ခ စတုဒ္ဒသီကိုအစွဲပြု၍ နယုန်လကွယ်ကိုရက်မစုံဥပုသ်။ ပေါရာဏ ယောရာပနကျမ်းအတိုင်း ရှေးဆရာတို့ ခေါ် ဝေါ်သုံး စွဲခဲ့သည်ဖြစ်သည်၊ ယခုမှ မဖျက်သာ၊ ဆရာတော်တို့သွင်းသည့် မေတ္တာစာလည်း အဓိမာသ်နှင့်မညီ၊ မမှန်ဖြစ်သည်။

22 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၁ ရက် နေ့ မဟာဒါန် ဝန်တွင်ပြန်။
(မေမြို့ဘုန်း ကြွယ် ပေမူ)

မင်းကြီး မဟာသက်တော်ရှည်ကိုအတွင်းဝန်အရာနှင့်စီရင်မြဲစီရင်စေ၊ ဒေါင်းပတ်လုံစလွယ်မှာလည်း သနား တော်မူရင်း အတိုင်း သနား တော်မူသည်၊ ရွှေတောင်သီဟကိုလက်ဝဲကြီး သေနတ်အုပ်၊ ရွှေတောင်သူကိုပင်း ယသေနတ်အုပ်၊ ပျံရှိ ရွှေတောင် ကျော်ကို မြေနန်း ငွေ့ဝန်း ကျင် သေနတ်ဝန်ခန့်။

22 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၁ ရက် နေ့ မင်းကွန်း အရှေ့ဘက်ဘောင် တော်ဆိပ်နန်း တော်တွင်ဝန် ထောက် နေမျိုး[illegible]ညီသူ စာရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်းကြွယ် ပေမူ)

အနောက်ဘက်တိုက်မြင်သာရွာသူကြီး ငမင်း ယဉ် ယောက်ဘ ငတလုပ်၊ ကြေး ပေး ငအိ၊ ငကလေး ဘို့ရှိန်း သံတော်ဦး တင်ချက်နှင့်ဟစ်သူငတလုပ်ကို ရွှေမြို့တော်လွှတ်တော်သို့ပို့၊ လွှတ်တော်ကစီရင်ချက်မှား နှင့်သိတော်မူသော အောင်ရှိန်း သံတော်ဦး တင်လျှာစေ၊ လုပ်နိုင်ဆောင်ခါဖြစ်သည်၊ နေ့ရက်မရှည်မကြာ စေနှင့်။

22 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၁ ရက်နေ့ဝန်ထောက် နေမျိုး သီရိစည်သူ စာရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ်ပေမှ)

မနော်ဝေသူကိုယ်တော်ဆင့်ခန့်

22 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၁ ရက် နေ့မင်း ထွန်း အရှေ့ဘက် ဘောင် တော်ဆိပ်နန်း တော်ပြိတိုက် တော်ထွင်သံ တော်ဆင့် ကျော်ထင်သီရိပြန်။ (မေမြိုဘုန်း ကြွယ်ပေမှု)

ကျွဲဝန်ဝန်စု ခေါက်စင်း ရွာသို့အမှုး အကြီး ခန့်ထား၍ဘမ်း ဆီး စေသည့်သူခိုး လူဆိုး တို့အမှုမှာ ခေါက်စင်း ရွာတွင်သူခိုး လူဆိုး ပေါ်ရှိလျှင်အမိန့်တော်ရင်း အတိုင်း ဆိုင်ရာမြို့ရွာသူကြီး တို့ကသာ တွေ့မိအောင်ဘမ်း ဆီး ပို့ဆက် စေရမည် ဖြစ်လျက်အမှုး အကြီး မခန့်မထား တန်ခန့်ထား သောကြောင့် ရွှေခွန်တော် မျှား ဆုံး ပျောက်ရသည်၊ ရွှေခွန်တော်မှုး ကိုလည်း စစ်ကြောရန်ရှိသည်၊ သူခိုး လူဆိုး ဘမ်းမှုး ရွှေခွန်တော် မှုး တို့ ကိုဝန်ထောက် နေမျိုး သီရိစည်သူကသိတော် မူသာ အောင်စစ်ကြော၍ ရှိခိုး သံတော်ဦး တင်စေ။

23 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၂ ရက် နေ့မင်း ကွန်း အရှေ့ဘက် တောင် တော်ဆိပ်နန်း တော်တွင်ဝန် ထောက် နေမျိုး သီရိစည်သူစာရေး ငမြတ် သာအား ကိုအပ်၍ ရွှေမြို့တော်သို့ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

အနောက်ဘက်တိုက်ဆီး ချိုင့်ရွာငကြ ပေး ငယ်သား တို့နှင့်သူကြီး ငကြွက်တို့ ကြေး မှု
စကား ကို ကောက်ယူစီရင်၍ပြီး ပြေကြ ကြောင်း ကြေး ထွက်သူငယ်သား တို့ကိုသူကြီး
ငကြွက်၊ ငအော၊ ငကြောင်တို့ကသူခိုး လူဆိုး ဖြစ်သည်အစီရင်ခံ၍ ရွှေရုံး ကချ ခေါ်
သည့်အမှုမှာလည်း သူခိုး လူဆိုး မဟုတ်မမှန် သော ကြောင့်နှစ်ဦး ပြေငြိမ်း ကြ
ကြောင်း နှင့်အိမ်ရှေ့မင်း တရှိခိုး သံတော်ဦး တင်သည်၊ ကြေး မှုမှာအိမ်ရှေ့
မင်း စီရင်ချက်အတိုင်း ပြေငြိမ်း စေ၊ သူခိုး မှုမှာသူခိုး လူဆိုး မဟုတ်သည်ကို လျှော်
ထား သည်ဖြစ်သည်၊ လျှောက်သူတို့ကိုအချက် ၁၀၀ စီရိုက်၊ သူခိုး လူဆိုး ဖြစ်သည်အစီရင်
ခံချက်နှင့် ခေါ်သူ ရွှေရုံး ကလုလင်၊ တိုက်ငန်တိုက်စာ ရေး လုလင်တို့မှာလည်း အ
ခေါ်အချခန့်ထား သည့်အတိုင်း သာ ခေါ်ရမည်ဖြစ်လျက်ရုံး သို့မခေါ် ကြေး ငွေ
စား ယူကြသည်ဖြစ်သည်၊ ခေါ်သူလုလင်တို့ကိုလည်း အချက် ၁၀၀ စီရိုက်၍လွှတ်။

23 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၂ ရက် နေ့မင်း ထွန်း အရှေ့ဘက်
ဘောင် တော်ဆိပ်နန်း တော်မှာအိမ်ရှေ့အတွင်း ဝန်လက်ဝဲနန္ဒ ကျော်သူသံ တော်
ဆင့်ငကတို့တွင်ပြန်။
(မေမြို့တုန်း ကြွယ်ပေမှု)

ဆရာတော်သင်္ဃာတော်တို့ ဝါဆိုဝါကပ် ဥပုသ်ပဝါရဏာမှုမှာ ပေါရာဏတ ထေရာ ပနကျွမ်း နှင့်အညီ ရှေးဆရာတို့အစဉ်အဆက်ကပ်ဆိုခဲ့လေပြီးသည်၊ ယခုမှအထူး မဆိုသာ၊ ရှေးဆရာတို့ဆက်တပ်ဆိုမြဲပြုကျ ဒိန်ထွက်အတိုင်း ဝါဆိုဝါကပ်ပြုကြစေ၊ မ ကပ်မဆိုမနေစေနှင့်၊ ဆရာတော်တို့ကိုမဟာဒါန်ဝန်က စေ့နှံ့အောင်ပြန်ဆိုစေ။

24 May 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လဆန်း ၁၃ ရက် နေ့ဝန်ထောက်နေမျိုး ကျော်ထင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ ထောင်ခွင်သာသနာပိုင် ငပေမူ)

လက်ဝဲစန္ဒသူကို ၄၀ တော် နေမျိုး လက်ယာသူရ သွေးသောက်မှာ စာရင်း သွင်း
၍ညွှဲ၊ အသက် နေ့နံသား မယား စာရင်း ကိုလည်း သွင်း ၊ သိန္နီမြို့စစ်ကဲ ဂန္ဓပစ္စည်း
လက်ဝဲစန္ဒသူတို့ကိုထွမ်း ခွက်လဘက်အိုး တ ကောင်း ဖိတ်၊ အဝန်း ၊ ဓါး ။ အဆောက်
ကတ္တီပါစိမ်း မွှမ်း ၊ ရှင်း ဖျား ခွေး မခွေး ငယ် ၅တန့်၊ ရွှေသား ကျောက်အိမ်
ပါ၊ အိမ်ကတ္တီပါစိမ်း မွှမ်း ၊ ဂုဝ်း ဖျား ခွေး မယ်ပတ် ၅ထန့်၊ ရွှေသား ကျောက်
အိမ်ပါ၊ ကျိုင်း ဆင်စွယ် ချက်အထွက်အနီသုတ်၊ ထမ်း စင်တလဲ ၃ဝန်း ၊ ဘိနပ်ကြာနှ
ဘောင်လက်ပင့်ဆီး ရွက်ကမ္ပတ် မှော်တမြို့ခြုး ကမ္ပတ်နား အတွင်း ပြင်ပွတ်ချမ်း
စက် ဇော့ထွင်း အတွင်း ကြယ်နား ကုလား ပန်း ညောင်ရွက်တမြို့ခြုး ကြက်ရင်ကု
လား ပန်း အိမ် ညောင်ရွက်အတွင်း ကုလား ပန်း တောင့် ကျေး စေတိုင်အ ဖြေ
မြင်း နား လျောက် ၅ဝန်း ထုပ် ၃ဝန်း ထု ပြောက်အနီသုတ် ခါး ပန်း စက်မှာလက်
ဝဲလက်ယာတဝန်း စီ၊ နောက်ထုပ်ထဝန်း စက်အတွင်း ဆင်စွယ်ကြယ်စက်နား
ညောင်ရွက်ဆင်စွယ်ကြက်ရင်ကုလား ပန်း အိမ်ဆင်စွယ် ၂တန့်လည်သီး ဆင်စွယ်
မှော် ကျေး ဒစတိုင်အဖျား ဆင်စွယ်ထိး နီဆင်စွယ်ထွတ်၊ မြင်း ကကိုင်း ညောင်
ရွက် ၅၊ သမ္ဘရာနှံရက် ဘောက်က တောင်ဆွဲဆက်ပါး ကာ ရွှေဇာဝါဖိန်း ၊ နင်း နှင်း
သိပ်၊ အိမ် မြောင်ရင်ပတ်ထွင်း ငွေဇာဝါ၊ က တောင် ရွှေ ရေး ၊ စာ မရိုရှုပ်ပန်း
ခက်ကိုက်အနား သံငှ၊ ရွှေဖိန်း ဦး ခက်ထိပ် ဆောင်း မြီး ပြန်း ၊ ရင်ပတ်သက္ကလတ်
ကြိုး ရွှေကြယ်တပ်၊ စီး နှီး သက္ကဒါန်သက္ကလပ်တင်ရန်း စက်ရွှန်း ၃ဆင့်သနား တော်
မူသည်၊ ဗောင်း ဝတ်လုံစလွယ်မှာလည်း ဒူး နေရာ နေတို့နည်း ဝတ်ဆင် စေ။

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၃ရက် နေ့ မင်း ကွန်း အ ရှေ့ဘက်
ဘောင် တော်ဆိပ်နန်း တော်တွင်ဝန် ထောက် နေမျိုး သီရိစည်သူ စာ ရေး ငမြတ်
သာ အား ကိုအပ်၍ ရွှေမြို့ တော်သို့ ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

သမီး တော်မင်း ခင်း မင်း သမီး သိရိမလ္လာနန္ဒာဝတီကိုမင်း ခင်း မြို့ညောင်
အုဝ်မြို့ကိုတိုင်နှင့်တကွသနား တော်မူသည်၊ ငါချွန် ရေး မြေ ရေး ၍သွင်း ၊ နန္ဒ
မိတ် ကျော်စွာက ကျော်စည်တိုက် မြောင်း ဦး ရွာတွင်အဘိုး ပေး ဝယ်သည့်မျိုး ဂဝ်
ကျလယ်ကို ခြေချင်း ကျွတ်လွတ်သိမ်း ယူ၍ မလုင်မစား ရဟိ ကြောင်း နှင့်ရှိခိုး သံ တော်
ဦး တင်သည်၊ နန္ဒမိတ် ကျော်စွာလယ်စုကိုနန္ဒမိတ် ကျော်စွာကလုပ်စား မြဲလုပ်စား
စေ၊ ခြေချင်း ကျွတ်လွတ်ကိုချပေး ရာပါလျှင်နှုတ်၊ ငသာစိတ ပြောင်း ပြာဆည်
ရေ သောက်ပွဲလုံး ကျော်ဒိုင်း စုမြစ်သား မြို့ကိုငဘ၊ ငချစ်ပုဘိုး ငကြာဦး ၊ ဘ
ငလွှမ်း မောင်တို့ ခေါင်း ကြီး စီရင်ရပါသည်၊ ဘေး ဘိုး ဘတို့မရှိလျှင် နောင် တော်
မင်း ထရား ကြီး လက်ထက် တော်ကသည် ရွှေလက်ထက် တော်တိုင် (သက္ကရာဇ်၁၁) 1783
၄၅ခုဖြဝပြည့်စစ်သမ်း စာရင်း ဆက်သွင်း ၍ ခေါင်း ကြီး စီရင်ပါသည်၊ (သက္က 1798
ရာဇ်) ၁၁၆၂ခုနှစ်သမီး တော် ကျောက် မော်မင်း သမီး ကိုမြစ်သား မြို့ပြောင်း 1800
မြာဆည် ရေ သောက်ပယ်နယ် ကျေး ရွာကိုမြို့စား သနား တော်မူလျှင်အဘိုးအခွန်ကို
ကောက်ခံဆက်သွင်း ရပါသည်၊ မြို့ရွာသူကြီး တို့နည်း မြို့သူကြီး အရာခန့် တော်မူ၍
ကြီး စိုး စီရင်ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ငသာစိ
ကိုမြို့သူကြီး ခန့်၍ကြီး စိုး စီရင် စေ၊ သိမ်တော သူကြီး ကို ငွေ တော် ပေး အပ်၍လုပ်
စေသည့်အတွက်ဖိုး ၆၂ကိုသိမ်တောသူကြီး ရွာသား တို့ကမကျိုး မပျက်စေရ၊ ကောင်း
မွန် အောင်ဖျက်သိမ်း ပြီး လျှင်သိဟ တောဘုရား အနောက်သင့်ရာကုန်း တွင်သယ်
ယူစုပုံ စေ၊ စုပုံသည့်အတွက်စာရင်း ကိုလည်း ဆက် စေ။

(သက္ကရာဇ်) ၁၁၆၃ခုနယုန်လဆန်း ၁၄ရက် နေ့ဝန် ထောက် နေမျိုး သိရိ 25 May 1801
စည်သူစာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့ တော်သို့ပို့ စေသည်။
(မေမြို့ဘုန်း ကြွယ် ပေးမှု)

အထက်ယိုး ဒယား သို့ငစိန်ရှိရာသွား မည်ခံဝန်ရင်း သူ့ရှစ် ယောက်အနက် လေး ယောက် သေသည်၊ လေး ယောက်ကျန်သူတို့ဟံသာဝတီမှာရှိ ကြောင်း နှင့်ဥပါ ကောင်း ကရှိနိုး သံ တော်ဦး တင်သည်၊ ခံဝန်သူ လေး ယောက်နှင့်အမတ်ဒိန် တပ်စာ ရေး သူ့ရဲ့အဌကိုဟံသာဝတီမြို့ဝန်သို့မှာထား၍ ရွှေဘဝါး တော် အောက် အလျှင် ရောက် အောင် ခေါ် စေ။

26 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လဆန်း ၁၅ရက် နေ့ဝန် ထောက် နေမျိုး သီရိ စည်သူ စာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမှု)

ငပိုလှရှိနိုး သံတော်ဦး တင်သည့်အတိုင်း မြိတ်မြို့စောင့်လက်နက်ကိုင်မှူး သေနတ်မှူး များ ကို ငပိုလှ ဆောင်ရွက်ရသည် မှန်မမှန် လွှတ်တော်က လက်နက်ကိုင်အသိမ်း အရုံး ခန့်ထား သွား စေသူ လွှတ်လုလင်လက်ရ သား တို့ကို ငကြာရိုး တို့က ချည်နှောင် ရိုက်နှက်သည် မှန်မမှန် ငကြာရိုး ကို မည်သည့်အကြောင်း နှင့် ကြိုး စိုး စေသည်များ ကို သိတော်မူသာ အောင် ရှိနိုး သံတော်ဦး တင်။

27 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၁ ရက် နေ့တွင် မင်း ကွန်း အရှေ့ဘက် ဘောင် တော်ဆိပ်နန်း တော်တွင် ဝန် ထောက် နေမျိုး သီရိ စည်သူ စာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့စေသည်။

(မေမြို့ဘုန်းကြွယ် ပေမူ)

ရွှေမြို့တော်ရှိဆရာတော်သင်္ဃာတော်တို့ကိုမင်းကွန်း သို့ပို့စေ၊ မကျွမ်း မမာ ရှိသူတို့ကိုသာ နေစေ။

27 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော်၁ရက် နေ့ညဝန် ထောက် နေမျိုး သီရိစည်သူ စာရေးက သောင်း ဖြောင့်တိုက် စာရေး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

သိဂိုနန္ဒဝန်ဥယည်တော်မှူး မနေဘ်သီဟကိုအမိန့်တော်နှင့်လုပ်စေသည့်မြေအတွင်း တမှတ်ဆိုး မြကန်တောကိုကသည်း အတ္တပတ်မြင်း သား တို့ကိုလူရှိနှင့်တိုင်း၍ ချပေး လုပ်ဆောင်စေ။

28 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနှယုန်လပြည့်ကျော် ၂ ရက်နေ့ဝန်ထောက်နေမျိုးသီရိစည်သူစောရေး မြွတ်သာအေး ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်းကြွယ်ပေမှု)

စာပြန်ပါမည်စာရင်း ချသူတူကြီး ဆရာတပည့်နှစ်မှာ မပြန်နိုင်ပါဝန်ချပြန်သည်၊ မပြန်နိုင်လျှင်နေစေ၊ နောင်ပြန်ဆိုနိုင်အောင်ကျိုးစား၍ လေ့ကျက်သင်ကြားကြစေ၊ ဆရာတော်တို့မိန့်ဆိုချက်အတိုင်း ရာဇမတ္တကွက်တွင် ဒွါရာသဋ္ဌပြသည့်အရာမည်သို့ဖြစ်သည်၊ နေမည်သို့သွားသည်၊ လမည်သို့သွားသည်၊ ပုံတော်နှင့် ရာဇမတ္တကွက်မည်သို့ညီသည်၊ ပြက္ခဒိန်နှင့်မည်သို့မညီသည်ကိုသိသာအောင်ဆရာတော်တို့ကပြစေဦး ။

28 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၂ ရက်နေ့ မဟာဒါန်ဝန်တွင်ပြန်။
(မေမြို့ဘုန်းကြွယ်ပေမူ)

ကုကြီး ဆရာတပည့်နှစ်ပထမစာပြန်ပါမည်စာရင်း ချသူတို့မပြန်နိုင်ပါဆိုပြန်ကြောင်း နှင့်မဟာဒါန်ဝန်က မေး ချက်ထွက်ချက်ကိုဆက်သွင်း ၍ ရှိခိုး သံတော်ဦး တင်သည်၊ မပြန်နိုင်လျှင်နေစေ၊ နောင်ပြန်ဆိုနိုင် အောင်ကျိုး စား၍ လေ့ကျက်သင်ကြား ကြစေ၊ မဏ္ဍရာမင်း သား ကျောက်မော်မင်း သမီး တို့ယက်ကန်း ရက်လုတို့ကိုပန်း လက်ချိပ်ပုဆိုး တမိတဘက်ယက်စေ၊ အမြိတ်ဖျား မှာနှင်း ဆီပွင့်တပွင့်စီအမှတ်ထည့်စေ၊ သာယာဝတီဆင် တော်ကို ကြော့ဘမ်း စေသည်မတွေ့ကြောင်း နှင့်အောက်မား ဝန်ကရှိခိုး သံတော်ဦး တင်သည်၊ သာယာဝတီဆင် တော်ကိုမတွေ့လျှင် အောက်မား များ ကိုပြန်ခဲ့စေ၍ ပုပ္ပါး မှာနတ်လုလင် ဆင်ကိုတိုက်ငင်ခဲ့စေ၊င ပေကိုငစပယ်နှင့်ဘက်၍ခ ညဝတီအ ကောက်ဝန်ခန့်။

29 May 1801

(သက္ကရာဇ်) ၁၁၆၃ခုနယုန်လပြည့်ကျော်၃ရက် နေ့ဝန်ထောက် နေမျိုး သိင်္ဂီစည်သူစာရေး ငရကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

ဝါဆိုဝါကင် ဥပုသ်ပဝါရဏာ မှုမှာယခုမင်းကွန်းသို့ ရောက်လာသည့်ဆရာတော်စု ကိုမေး လျှင်ပုံတော်အရအကုန်အစင်မပြောမဆိုနိုင်ကြဖြစ်သည်၊ သာသနာပြုဆရာတော်နှင့် ပြောဆိုရမည်၊ သာသနာပြုဆရာတော်ကိုပင့်စေ၊ သာသနာပြု ဆရာတော်ကပုံတော်ကိုအကုန်အစင် ပြောဆိုနိုင်လျှင်ပုံတော်အတိုင်း ပင်ဝါကပ် စေရမည်၊ မပြောမဆိုနိုင်လျှင်အမိန့်တော်ရင်းအတိုင်း ရွေးအစဉ်ကပ်မြဲဝါ ကိုကပ်စေ။

29 May 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၃ ရက် နေ့ မဟာဒါန်ဝန်တွင်ပြန်။

(တောင်ခွင်သာသနာပိုင် ပေမူ၊ မေမြို့ ဘုန်းကြွယ် ပေမူ)

သမီး တော်စကုမင်း သမီး မှာ စကုမြို့ကိုတိုင်နှင့်တကွသနား တော်မူသည်၊ စာချွန် ရေး ဖြ ရေး ၍သွင်း ။ ယည် ကျော်။ မင်း စံ၊ မုံတိုင်၊ ဂုန်လင်း ၊ ဂုန်ကင်း လှေ တော်ပဲ့နင်း ဦး နေတက် ငွဲတက်ကိုင်တစုတို့ကလုပ် မြေ နေ မြေ ပေး ချပါမည့် အကြောင်း နှင့်အစီရင်ခံချက်ကိုဆက်သွင်း သည်မှာယည် ကျော်၊ မင်း စံ၊ မုံတိုင်၊ ဂုန်လင်း ၊ ဂုန်ကင်း လှေ တော်အစုသား တို့လုပ် မြေ နေ မြေ ပေး ချဂုန်ကိုဆိုင် ဂုာမြို့ရွာသူကြီး တို့ကို မေး ၍ နေထိုင်လုပ်စား လောက် အောင် မြေတိုင်အမတ် နေ မျိုး သိဂိုစည်သူကတိုင်း တာ ချ ပေး ၍ နေထိုင်လုပ်စား စေ၊ ရွှေ ဝင်း တော် မှူး ဝင်း စနိုးသွဲ မနိုင် လှေထမ်း ရဲလွှမ်း ကျော် လှေ ထောင်ကဲစကြီး တို့က နေ ာင် တော်ဆင်ဖြူရှင်လက်ထက်ဝမ်း ပဲအင်း မြစ်ငယ်နား တွင် နေ ေ[illegible]၍ ယခုတိုင်ထမ်း ရွက် နေထိုင်ပါသည်၊ လုပ် မြေ နေ မြေသနား တော်ခံသည်တွင် မြေတိုင်အမတ် နေ မျိုး သိဂိုစည်သူကချင်း နင်း ပေး အပ်မည်ရှိပါသည်ကိုအဝမြို့အုပ်စာ ရေး တို့ကဆီး တား ခဲ့သည်၊ နေရစ် ဝမ်း ပဲအင်း ပတ်လည်လုပ် မြေ နေ မြေသနား တော်ခံပါရမည့် အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း သွဲမနိုင် လှေထမ်း ရဲလွှမ်း ကျော် အစုသား တို့ကိုလုပ် မြေ နေ မြေ မြေတိုင်အမတ် နေ မျိုး သိဂိုစည်သူကချ ပေး လုပ် ဆောင် စေ၊ အဝမြို့အုပ်မြို့စာ ရေး တို့ကမဆီး မတား စေနှင့်၊ ရွှေ ဝင်း ထမ်း ရဲမွန် ထောင် လှေ၊ ကျော် ခေါင် လှေ၊ ရွှေတငါ လှေအစုသား တို့ကိုတိုင်း တာ ချ ပေး သည့် နယ် မြေသည်ရဲမွန် ထောင် လှေ တော်အစုသား တို့ရွာအ ရှေ့မြစ်ငယ်အ နောက်ကမ်း ထိပ်၊ နတ်ရကာပြုမန်ကျည်း ပင်ကြီး ကသည် တောင်ကိုမြစ်ငယ် ကောက် ကောက်စင်း စင်း တဘက် ရွှေမြို့ တော်ပလိပ်နယ် မြေနှင့်စပ်၍လက်ပံပင်ကြီး အ နောက်တာ ၅၀ ကွာမြစ်ငယ်ကမ်း ထိပ်သရဲကွန်နယ် မြေထိ ၅ ာကြီး ၄င်း မြစ်ငယ်ကမ်း ထိပ်ကသည်အ ရှေ့ မြောက်ယွန်း ကုန်း တန်း ကန်ပင်တဘက် ရွှေမြို့ တော်နယ်ဘရဲကွန်း နယ် မြေနှင့် စပ်၍ချင်း ရွာ မြေဆုံး ကန်သင်း ထိ၊ ယင်း ကသည်အ ရှေ့ မြောက်ယွန်း ကန်သင်း တောက် ကောက်စင်း စင်း ချင်း ရွာ မြေနှင့်စပ်၍ထူး ချောင်း မြောင်း ပေါက် ထိ ၁၂ကြိုး ၊ ထူး ချောင်း မြောင်း ပေါက်ကသည် မြောက်ကိုလက် တောင် ရေ ဝင် မြောင်း ကောက် ကောက်စင်း စင်း တဘက်ချင်း ရွာ မြေနှင့်စပ်၍လက် တောင်း မြောက်ကို ချောင်း အ ရှေ့တက်လက်ပံပင်ကြီး အ နောက်တပ်ကြီး နယ် မြေအ ရှေ့ တေါင်

ထောင့်နိမိတ်ထိ ၁၃ကြိုး ၎င်း ကသည် မြေခက်ကိုလက် တောင်း ရေဝင်မြောင်း ကောက်ကောက်စင်း စင်း တပ်ကြိုး နယ်မြေနှင့်စပ်၍ အဝလာ ပေါက် ချောင်း ထိ ၁၀ ကြိုး လက်ကောင်း ရေဝင်မြောင်း ဝကသည်အ ရှေ့ကိုအဝလာ ပေါက် ချောင်း ကောက်ကောက်စင်း စင်း တဘက်တပ်ကြိုး မြေနှင့်စပ်၍ ရွှေကြူပေါက် ချောင်းသို ဂိုနန္ဒဝန်ဥယည် တော် မြေထိ ၁၂ကြိုး ။ အဝလာ ပေါက် ချောင်း ဝကသည်အ ရှေ့ တောင် ရွှေကြူပေါက် ချောင်းကောက် ကောက်စင်းစင်းတဘက်သိ ဂိုနန္ဒဝန်ဥယည် တော် မြေနှင့်စပ်၍မြစ်ငယ်ထိ ၆ကြိုး ရွှေကြူပေါက် ချောင်း ဝကသည်အ နေခက် တောင်မြစ်ငယ်အ နေခက်တပ်ကို လျှောက်၍ ရဲမွန် ထောင်ရွာအ ရှေ့နတ်ရကာပြု မန်ကျည်း ပင်ကြီး ပထမနိမိတ် ရေခက် ၂ကြိုး ။ ကြိုး ပေါင် ၁၀၆အတွင်း ထွက်ရပယ် ၅၈၅အနက်နန်းမတော်ဘုရား ဥယည် တော် မြေဂဲပြည်မင်း ဥယည် တော် မြေဂဲ ။ နန်း မတော်ဘုရား နံနှင်း တော်ဘိုး မြေဘဲ့သုံး စု ၂ ခဲကိုပယ်နှင့်နှုတ်၍ကျန် ၅၄ ခဲ မှာ နေမြေရွာကုန်ပယ် ၁၀၀လုပ် မြေ ၄၄ ခဲကို ရှေ့ဝင်း တော်ထမ်း ရဲမွန် ထောင် လှေ ၊ ကျော် ခေါင် လှေ ၊ ရွှေတငါ လှေ ထောင်ကဲစကြီး ထောင်ကဲငယ်သား တို့အစုံအ ညီချင်း နင်း ၍လုပ် မြေ နေ မြေနယ်နိမိတ်သစ်စည်း ဂေါတမ်း ကို မြေတိုင်အမတ် နေမျိုး သိရိစည်သူသွင်း ချက်အတိုင်း သင့်ပြီ ။

30 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့မင်း ကွန်း အ ရှေ့ဘက် ဘောင် တော်ဆိပ်နန်း တော်တွင်အသုံး စာ ရေး လက်ဝဲဇေယသူကိုအပ်၍ ရွှေမြို တော်သို့ပို့ စေသည် ။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ဆရာတော်သဃာတော်တို့မှာ ရှေး ဆရာစဉ်ဆက်ပြုကျွဒိန်ထွက်အတိုင်း ဥပုသ် ပဝါရဏာ ဝါဆို ဝါကပ်ပြုကြ စေ၊ မကပ်မဆိုမနေ စေနှင့်၊ ပြုကျွဒိန်အတိုင်း ဝါမကပ်သူတို့ကို မဟာဒါန်ဝန်က ကျောင်းကန် စေ၊ ရွှေမြို့တော်မှာ မနေ စေနှင့်၊ ပုံတော်အတိုင်း ဝါကပ်လိုလျှင်ထွက်စံတော်မူရာလာ၍ ပုံတော်ကိုပြုသလှာ စေ။

30 May 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့ မဟာဒါန်ဝန်တွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ တောင်ခွင်သာသနာပိုင် ပေမူ)

မုတ္တမ၊ ဒဝယ်၊ မြိတ်၊ တနင်္သာရီမြို့ဝန်တို့ကယိုး ဒယားသို့ပေး ရန်စာတို့ဝန်တို့ ကစီကုံး ရေးသား ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

30 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့နား ခ ကျော်စွာနော် ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

31 May 1801

ရွှေမြို့တော်မှာ ဗေဒင်တွက်နိုင်သမျှဆရာ တော်သံဃာ ထေရ်တို့ကိုမဟာဒါန်ဝန်က မင်း ကျွန်း သို့ပို့စေ။

31 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၅ ရက်နေ့မဟာဒါန်ဝန်တွင်ပြန်။
(မေမြို့ဘုန်း ကြွယ် ပေးမှု)

31 May 1801

မင်းကွန်းက ရွှေမြို့တော်သို့ပြန်သွား စေသည့်မှူး တော်မတ်တော်တို့ကို ရွှေဘဝါး တော်အောက်လာ စေ၍ထမ်း ရွက်မြဲထမ်း ရွက်နေထိုင် စေ။

31 May 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၅ ရက်နေ့ ဝန်ထောက်နေမျိုး သီရိစည်သူစာရေး ငမြတ်သာအား ကိုအပ်၍ ပို့စေသည်။

(မေမြို့ဘုန်းကြွယ်ပေမှု)

31 May 1801

20 June 1801

ဆရာတော် သင်္ချာတော် ဝါဆိုဝါကပ်မှာ ပုံတော်အတိုင်း ဖြစ်လျှင်သက္ကရာဇ် ၁၁၆၃ ခု ဝါဆိုလဆန်း ၁၁ အင်္ဂါ နေထွက်တိုင် ဝါဆိုဝါကပ်ရမည်၊ နေထွက်ကသည်ယခု ၁၂ အင်္ဂါဝင်သမ္မနာရှိသည်ပါဒိပဒကလွန်ပြီး ဖြစ်သည်ပုံတော်အတိုင်း မကပ်စေနှင့်၊ အမိန့်တော်ရင်း နှင့်အညီနိုင် အောင်ဆီး တား ရမည်။

31 May 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၅ ရက် နေ့ဘွား ဘက် ကျော်ငချစ်စံ ငမှုံတို့ကိုအပ်သည်၊ မဟာဒါန် ဝန်ထံပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ တောင်ခွင်သာသနာပိုင် ပေမူ)

ယဉ်ကျော် လှေ တော်သား တစုကိုဆကျည်း ယား ။

1 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၆ ရက် နေ့အသုံး စာ ရေး လက်ဝဲ ဇေယသူကို ခေါ၍ပြန် ။

(မေမြို့ဘုန်း ကြွယ် ပေမှု)

ငဝေက လျှောက်သူငသာ လှေမှာငပေစစ်ချက်တွင်အပေါင်း အဘော်ပါသော် လည်း အရပ်အိမ်နီး ချင်တို့ကို စစ်လျှင်နိုး ယူဆိုး သွမ်း သည့်အရိပ်အခြည်မထင်မ သိမမြင်ကြောင်း ကိုထွက်ဆိုသည်၊ ငမှိုင်း မှာလည်း ငသာ လှေ လျှောက်ချက်အတိုင်း ဓါး နှင့်မထိုး ဓါခြမ်း နှင့်ထိုး သည့်အမှုကို စီရင်၍ပြီး ငြိမ်း ကြ ကြောင်း နှင့်အထိုး ခံရသူအစစ်ခံချက်ရှိသည်၊ ငသာ လှေငမှိုင်း တို့ကိုအကျည်း ကလွှတ်၊ ငစံ ပျော်ဝရိုး ငစကိုလည်း အကျည်း ကလွှတ်။

1 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော်၆ရက် နေ့ဝန်ထောက် နေမျိုးသီ ရိစည်သူ စာ ရေး တွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

မြင်း ရုကြီး သား ငအေး ရှိခိုး သံ တော်ဦး တင်ချက်ကို ရွှေမြို့ တော်လွှတ် တော်သို့ ပို့၊ အလျှင်ပြီး လွှယ် အောင်စစ် ကြော စီရင်၍ ရှိခိုး သံ တော်ဦး တင်လှာ စေ။

1 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့် ကျော် ၆ ရက် နေ့ ဝန် ထောက် နေ မျိုး သီရိစည်သူ စာ ရေး ငရကိုအပ်၍ ရွှေမြို့ တော်သို့ ပို့ စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

1 June 1801

ရွှေမြို့တော်မှာအိမ်ရှေ့မင်း ရှိပြီး ဖြစ်သည်၊ တောင်ငူမင်းကို ရွှေဘဝါး တော် အောက်လာစေ။

1 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၆ ရက် နေ့ ဝန်ထောက် နေမျိုး သီရိစည်သူ စာရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့စေသည်။
(မေမြို့ဘုန်း ကြွယ် ပေမူ)

ပြဗ္ဗဒိန် ဗေဒင်မှုကိုအမှန်အကန်သိတော်မူသော အောင်ဗေဒင်သမား တို့ကိုစုရုံး၍ ပြောဆိုစေရမည်ဖြစ်သည်၊ ရတနာသိင်္ခမြို့မှာ ညောင်ပင် ကျောင်း လူထွက်မှစ၍ ဗေဒင်ကိုတတ်ကျွမ်း သူသုံး ယောက်တန်သည် လေး ယောက်တန်သည်ရတနာသိင်္ခမြို့ဝန်က ရွှေဘဝါး တော် အောက်ပို့လှာ စေ။

2 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော်၇ရက် နေ့ ဝန် ယောက် နေမျိုးသီရိစည်သူစာ ရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ရွှေမြို့တော်သို့ပြန်သည့်ဝန်ကြီး ဝန်ထောက်မြို့ဝန်တို့ကို ရွှေမြို့တော်မှာ နေစေ၊
အတွင်း သား အဆောင်မြဲမှူး တော်မတ်တော်တို့ကိုသာ ရွှေဘဝါး တော်အောက်
လာစေ၊ (သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော်ဂရက်နေ့ 3 June 1801 မင်း ထွန်း အရှေ့
ဘက်ဘောင်တော်ဆိပ်နန်း တော်တွင်အသုံး စာရေး လက်ဝဲဇေယသူကိုအပ်၍ ပို့
စေသည်၊ စား တော်ကဲ ဇေယသင်္ခယာကစံ တော်မူသည့်ကျွန်း ပတ်လည်ကူး ပို့သည့်
ကူး တို့မျှား ကိုအသီး အသီး ကူး ပို့၍ရှိခဲ့သည်အထက်အမိန့် တော်ရင်း နှင့်အညီစံ တော်
မူသည့်ကျွန်း ပတ်လည်ကူး တို့မျှား ကိုကူး ပို့၍ဘို့ တော်ခွန် တော်ကိုဆိုင်ရာဆက်သွင်း
ပါရမည့်အကြောင်း နှင့်အစီရင်ခံ ချက်ကိုမင်း ထွန်း အရှေ့ဘက်ကျွန်း မှာစံ တော်
မူသည့် ရွှေနန်း တော်ကျွန်း ဖြစ်သည်ကူး တို့မျှား ကိုအသွယ်သွယ်အဝဝမကူး မပို့စေ
နှင့်အမိန့် တော်ရင်း အတိုင်း စား တော်ကဲကတဝတည်း ကူး ပို့စေမည်ဝန်ထော်
နေမျိုး သီရိစည်သူဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ (သက္ကရာဇ် ၁၁၆၃ ခုနယုန်လ 3 June 1801
ပြည့်ကျော်ဂရက်နေ့) အသုံး စာရေး လက်ဝဲဇေယသူကိုအပ်၍ ရွှေမြို့တော်သို့ပို့စေ
သည်၊ ခေါက်စင်း ငှာ နေလုတို့စစ် ကြောထွက်ဆိုချက်ကိုဆက်သွင်း သည်မှာကျို့ဝန်ဝန်
စု ရွှေခွန် တော်ဆက်လုတို့ကိုခံဝန်ချက်နှင့်အပ်၊ ငရွှေ အောင်ကို ရွှေဘဝါး တော်
အောက် ခေါ်စေ၊ ငရွှေ အောင် ရောက်မှစကား ကုန် အောင်တိုက်ဆိုင်စစ်ကြော
၍ထိုက်ရာစီရင်၊ ရွှေခွန် တော်ကိုသိမ်း သူကာဝတက်ဆက်သွင်း စေ။

(သက္ကရာဇ်၁၁၆၃ ခုနယုန်လပြည့်ကျော်ဂရက်နေ့ 3 June 1801 ဝန်ထောက်နေမျိုး သီရိ
စည်သူ စာရေး ငမြတ်သာ အေး ကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။
(မေမြို့ဘုန်း ကြွယ် ပေမူ)

5 June 1801

ဆရာတော်သင်္ဃာတော်တို့မှာ ရှေး အစဉ်ကပ်မြဲ ဝါကိုကပ်ရမည်အမိန့်တော်ထုတ်ပြန်တော်မူသည်ကိုမတည်မကပ်ယခုဝါကပ်သည့်ဆရာသင်္ဃာတို့ကို ကျောင်း ကချ၍ ရွှေမြို့တော်တွင်မနေစေနှင့်၊ နေရင်းမြို့ရွာသို့သွား စေ၊ မြစ်ကိုကူး မိအောင်ပို့။

5 June 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၁၀ ရက် နေ့ သုံး စာရေး လက်ဝဲဇေယသူတွင်ပြန်။

(မေမြို့ဘုန်းကြွယ် ပေမူ၊ တောင်ခွင်သာသနာပိုင် ပေမူ)

5 June 1801

အမိန့်တော်ကိုမတည်ဝါကဝ်သည့်ရဟန်းတို့ကို ကျောင်းမှာမနေစေနှင့်၊ ထုံးစံရှိသည့်အတိုင်း သစ်တောသို့ပို့။

5 June 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၁၀ ရက်နေ့အသုံး စာရေး လက်ဝဲဇေယသူကိုအဝ်။

(မေမြို့ဘုန်းကြွယ်ပေးမှု၊ တောင်ခွင်သာသနာပိုင်ပေးမှု)

ဝါကပ်မိသည့်ရဟန်း တို့ကို မင်း ကွန်း သို့ဝင်၍ ၁၀ ရက် ၉ ရက် နေ စေ၊ သစ်တော ပို့ကို ချမ်း သာ စေ။

6 June 1801

သက္ကရာဇ် ၁၁၆၃ ခုနယုန်လပြည့်ကျော် ၁၁ ရက် နေ့အသုံး စာရေး လက်ဝဲ ဇေယသူကိုအပ်၍ ရွှေမြို့တော်သို့ပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ ကောင်ခွင်သာသနာပိုင် ပေမူ)

6 June 1801

ကနောင်မြို့သူကြီး ငိုး စကား မှာ ငဘိုး လှနှင့် ရွှေမြို့တော်မှာ ရှိသည့်သူကြီး ငယ် အိမ် ရွှေ့ထမ်း ရွှေပန်း စာရေး ဟောင်း တို့ကို စစ်တော်မူမည်၊ ရွှေဘဝါး တော် အောက် ခေါ် စေ။

6 June 1801

(သက္ကရာဇ်) ၁၁၆၃ ခုနယုန်လပြည့်ကျော် ၁၁ ရက် နေ့ဝင် ထောက် နေ[illegible] စည်သူစာရေး ငမြတ်သာ အား ကိုအပ်၍ ရွှေမြို့တော်သို့ ပို့စေသည်။

(မေမြို့ဘုန်း ကြွယ် ပေးမှု)